ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ တနင်္လာနေ့(7-11-2011)(၆၉၃၆)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။





**သောက်တော်ရေချမ်းနှင့် ပန်းမန်နံ့သာ ကပ်လှူပူဇော်**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဗုဒ္ဓမြတ်စွယ်တော်အား သောက်တော်ရေချမ်းနှင့် ပန်းမန်နံ့သာပူဇော်ဖွယ်ရာတို့ဖြင့် ကပ်လှူပူဇော်ကြစဉ်။ (သတင်းစဉ်)

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပင့်ဆောင်ပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ဥပ္ပါတသန္တိစေတီတော်၌ ကျင်းပ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ဖူးမြော်ကြည်ညိုပူဇော်

နေပြည်တော် နိုဝင်ဘာ ၆

**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ဥပ္ပါတသန္တိစေတီတော် အရှေ့ဘက်လိုဏ်အတွင်းသို့ ပင့်ဆောင်ပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက် ဖူးမြော်ကြည်ညို ပူဇော်ကြသည်။**

## ဖူးမြော်ကြည်ညို

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် ၎င်းတို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓမြတ်စွယ်တော် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးဝတ်အဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ဖူးမြော်ကြည်ညိုကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပင့်ဆောင်တော်မူလာသည့် ပင့်ဆောင်ရေးယာဉ်တန်း ဥပ္ပါတသန္တိစေတီတော်သို့ မရောက်ရှိမီ မွန်းလွဲ ၂ နာရီမှ စတင်၍ ဗုဒ္ဓမြတ်စွယ်တော်အား ကြိုဆိုပူဇော်ကြမည့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများသည် သတ်မှတ်နေရာများ၌ ကြိုတင်နေရာယူ ပူဇော်ကြသည်။

## ရွှတ်ဆိုပူဇော်

ညနေ ၃ နာရီ မိနစ် ၄၀ တွင် ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးယာဉ်တန်း ဥပ္ပါတသန္တိစေတီတော် အဝင်မုခ်ဦးသို့ ရောက်ရှိသောအခါ ပရိသတ်များက ဒိသာဖရဏ အရပ်ဆယ်မျက်နှာ မေတ္တာပို့ လင်္ကာများကို သံပြိုင်ညီညာ ရွှတ်ဆိုပွားများပူဇော်ကြသည်။

ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးယာဉ်တန်း ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏တောင်ဘက် သာသနာ့မဟာဗိမာန်တော် မုခ်ဦးထိပ်သို့ ရောက်ရှိသောအခါ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

ကြေးမုံစာတည်းရှုထောင့်

၇-၁၁-၂၀၁၁[တနင်္လာနေ့]။

## သန်းပေါင်းခုနစ်ထောင်နှင့် အခြားကိန်းဂဏန်းများ

ခုနစ်နောက်တွင် သုညကိုးလုံး(သို့မဟုတ်)သန်းပေါင်း ခုနစ်ထောင်။ မြေကမ္ဘာကို မှီတင်းနေထိုင်သည့် လူသားဦးရေသည် သန်းပေါင်း ခုနစ်ထောင်အရေအတွက်သို့ရောက်လာပြီဟု အောက်တိုဘာ ၃၁ ရက်တွင် တရားဝင်ထုတ်ပြန်ကြေညာကာ လူဦးရေ သန်းပေါင်း ၇၀၀၀ နေ့ အထိမ်းအမှတ် အခမ်းအနားများကို ကမ္ဘာတစ်ဝန်းလုံးတွင် ကျင်းပခဲ့ကြပြီး ဖြစ်သည်။

အဆိုပါလူဦးရေသည် လွန်ခဲ့သော နှစ်ပေါင်း ၅၀(ရာစုဝက်)ကာလက ရှိခဲ့သော ကမ္ဘာ့လူဦးရေ၏ နှစ်ဆဖြစ်သည်။ ထောင်စုနှစ်သစ်သို့အကူး ၁၉၉၉ ခုနှစ်တွင်ရှိခဲ့သော လူဦးရေထက် သန်း ၁၀၀၀ ပိုလာခြင်းလည်း ဖြစ်သည်။ လက်ရှိလူဦးရေတိုးနှုန်းမှာ ၁ ဒသမ ၁ ရာခိုင်နှုန်းရှိသည်။ ပို၍မြင်သာအောင်ဆိုရလျှင် တစ်နာရီပြည့်တိုင်း၊ ပြည့်တိုင်း လူသား ကလေးငယ်ပေါင်း တစ်သောင်း၊ တစ်သောင်းတို့ ကမ္ဘာမြေပေါ်သို့ ရောက်လာကြသည်။

မိသားတစ်စုအတွင်း ကလေးတစ်ယောက်တိုးလာသည်နှင့် တာဝန်များစွာ ပိုလာရသကဲ့သို့ ကမ္ဘာပေါ်သို့ လူသားတစ်ဦး ထပ်မံရောက်ရှိလာသည်နှင့်အမျှ ထိုသူတစ်ယောက်အတွက် စားနပ်ရိက္ခာလိုအပ်ချက်၊ သောက်သုံးရေ လိုအပ်ချက်၊ စွမ်းအင်လိုအပ်ချက်တို့ ပိုလာသည်။ သည့်အပြင် လေလွင့်ပြုန်းတီးမှုနှင့် ညစ်ညမ်းမှုတို့ကလည်း ပိုလာသည်။ သို့အတွက်ကြောင့် လူဦးရေ တိုးနှုန်းမြင့်မားမှုသည် နိုင်ငံတစ်နိုင်ငံအဖို့ဆိုလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် မူဝါဒများ ချမှတ်ဖော်ဆောင်ရေးတို့အပေါ် အကျိုးသက်ရောက်သည့် ကိစ္စတစ်ရပ် ဖြစ်သကဲ့သို့ ဆင်းရဲခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်း စသည့် ကမ္ဘာလုံးဆိုင်ရာ ပြဿနာများနှင့် တိုက်ရိုက်ဆက်စပ်နေသည့်ကိစ္စတစ်ရပ်လည်း ဖြစ်သည်။

အခြားသော ကိန်းဂဏန်းအချို့ကို ကြည့်လျှင် နေ့စဉ် ကမ္ဘာတစ်ဝန်း၌ လူ ၂၅၀၀၀ ခန့်တို့သည် ငတ်မွတ်ခေါင်းပါးခြင်း (သို့မဟုတ်) ၎င်းနှင့် ဆက်စပ်သည့် အကြောင်းတရားတို့ကြောင့် အသက်အန္တရာယ်နှင့် ကြုံတွေ့နေကြရသည်။ တစ်နည်းအားဖြင့် သုံးစက္ကန့်ခွဲတိုင်းတွင် ကမ္ဘာမြေပေါ်မှ လူတစ်ဦးသည် အစာရေစာမစားရသည့်အကြောင်းကြောင့် သေဆုံးနေရသည်ဟု ကုလသမဂ္ဂက တရားဝင်ထုတ်ပြန်ထားပါသည်။ ကံမကောင်း အကြောင်းမလှစွာ သေဆုံးရသူများထဲတွင် ကလေးများ၏အရေအတွက်က အများဆုံးဟုလည်းဆိုထားပါသည်။

ပြီးခဲ့သည့်နှစ် စစ်တမ်းများအရ ကမ္ဘာပေါ်တွင် ၉၂၅ သန်းသော လူတို့သည် လိုအပ်သော အစာအာဟာရကို မစားသုံးရဘဲ ဆာလောင်မွတ်သိပ်စွာ အိပ်ရာဝင်နေကြရသည်ဟု ဆိုပါသည်။ အဘယ်ကြောင့် ဤမျှ ငတ်မွတ်ခေါင်းပါးရပါသနည်း။

ငတ်မွတ်ရခြင်း၏ အဓိကလက်သည်မှာ ဆင်းရဲခြင်းကြောင့်ပင် ဖြစ်သည်။ ၂၀၀၈ ခုနှစ်အတွင်း ကမ္ဘာ့ဘဏ်က ထုတ်ပြန်ခဲ့သော စာရင်းဇယားများအရ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ဆင်းရဲသားပြည်သူ ခန့်မှန်းခြေ ၁၃၄၅ သန်းတို့မှာ နေ့စဉ်ဝင်ငွေ ၁ ဒသမ ၂၅ ဒေါ်လာပင်မပြည့်ဘဲ ရပ်တည်နေကြရသည်ဟု သိရသည်။

ဆင်းရဲခြင်းနှင့် ကင်းဝေးသည့်နိုင်ငံဟူသည် မြေကမ္ဘာပေါ်တွင်မရှိ။ နိုင်ငံတိုင်း သူ့အထွာနှင့်သူရှိနေသော ဆင်းရဲမှု၊ ငတ်မွတ်ခေါင်းပါးမှုတို့ကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဖြေရှင်းနေကြရသည်ချည်းသာဖြစ်သည်။

“မြေကြီးကို ထိုးဆွရုံဖြင့် ကောက်ပင်တို့ ရယ်မောသောတိုင်းပြည်” ဟု စာဆိုတစ်ဦးက ချီးကျူးဖွဲ့ဆိုခဲ့ဖူးသည့် မိမိတို့တိုင်းပြည်တွင်လည်း ဆင်းရဲမှု ပပျောက်အောင် အားထုတ်ကြိုးပမ်းနေပေပြီ။ အကြောင်းနောက်တွင် အကျိုးထင်သည်ကို မြန်မာပြည်သူအများစုက နားလည်သိမြင်ပြီးသားဖြစ်သည်။ လောကတွင် မဖြစ်နိုင်သော အရာသည်မရှိ။ ဆန္ဒ၊ ဝီရိယ၊ စိတ်နှင့် ပညာ တို့ကို အဓိပတိတပ်ကာ အစွမ်းကုန်ကြိုးပမ်းကြရန်သာ လိုပေမည်။ ။



## ထိုင်းရိုးရာ စားသောက်ဆိုင်သစ်ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**

Siam Lotus ထိုင်းရိုးရာစားသောက်ဆိုင်သစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိ မြို့နယ် သပြေကုန်းရပ်ကွက် သပြေကုန်းစားသောက်ဆိုင်တန်း အမှတ်(၁၁)၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဦးကံချွန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးဝင်းဌေးနှင့် Siam Lotus Thai Restaurant ဆိုင်ပိုင်ရှင် ဦးမျိုးသက်ထွန်းတို့က စားသောက်ဆိုင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်က Siam Lotus စားသောက်ဆိုင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အဆိုပါ ဆိုင်သစ်သည် သန့်ရှင်းလတ်ဆတ်ပြီး အရည်အသွေးပြည့်မီ ကောင်းမွန်သော ထိုင်းရိုးရာစားသောက်ဖွယ်ရာများကို ဈေးနှုန်းမှန်ကန်သက်သာစွာဖြင့် တည်ခင်းရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

### တက်ရောက်

**သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့် Siam Lotus ထိုင်းရိုးရာစားသောက်ဆိုင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်စဉ်။** (သတင်းစဉ်)

## ပခုက္ကူရေဘေးသို့ဆေးဝါးနှင့် အဝတ်အထည်များ လှူဒါန်း

**မကွေး နိုဝင်ဘာ ၆**

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) မကွေးတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)နှင့် မကွေးတိုင်းဒေသကြီး အထွေထွေရောဂါကုဆရာဝန်များအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော မျိုးဆက်ပွား ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့မှ အောက်တိုဘာ ၂၉ ရက်တွင် ပခုက္ကူခရိုင် အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ဆေးကုသပေးပြီး ကျန်းမာရေးအသိပညာ ပေးကာ အသက် (၁၅)နှစ်မှ (၄၉) နှစ် အတွင်း အမျိုးသမီးများအား ငွေကျပ်သိန်း ၄၀ တန်ဖိုးရှိ အမျိုးသမီး အသုံးအဆောင်ပစ္စည်းစုံပါ အိတ် ၅၀၀ နှင့် အတူ ဆေးဝါးများနှင့် အဝတ်အထည် အစုံ ၂၀၀ တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

## ဘုရင့်နောင်ဈေးကြီး ပညာရည်ချွန်ဆုချီးမြှင့်

**ရန်ကုန် နိုဝင်ဘာ ၆**

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီး မိသားစု သတ္တမအကြိမ် ပညာရည်ချွန် ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၄ ရက်က အဆိုပါဈေးကြီး၌ ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန မြောက်ပိုင်းခရိုင်မှူး ဦးအောင်ဒင်ဦး၊ ဈေးသာယာရေးအဖွဲ့ ဒု-ဥက္ကဋ္ဌ ဦးလှအေး၊ ဈေးသာယာရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်လွင်တို့က အမှာစကားပြောကြားပြီး စည်ပင်သာယာ ဝန်ထမ်းများ၊ ဈေးသူ၊ ဈေးသားများ၏ အခြေခံပညာအထက်တန်း အောင်မြင်ခဲ့သည့် သားသမီးများအား ဆုများ ပေးအပ်ချီးမြှင့်သည်။**(အောက်ပုံ)**

ယင်းသို့ ဆုများချီးမြှင့်ရာတွင် အခြေခံပညာအထက်တန်း ငါးဘာသာ ဂုဏ်ထူးရသူ နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရသူ နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရသူ တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရသူ နှစ်ဦး၊ တစ်ဘာသာ ဂုဏ်ထူးရသူ လေးဦး၊ ရိုးရိုးအောင်မြင်သူ ၁၆ ဦးနှင့် အမှတ်အများဆုံး ရရှိသည့် ကျောင်းသား၊ ကျောင်းသူများ၏ မိဘများအား **ပညာဉယျာဉ်မှူး** ဆု ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)



## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၇-၁၁-၂၀၁၁ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၂၅ ၄။ မျိုးချစ်တပ်မတော်
၇း၃၀ ၅။ မြန်မာ့ရှုခင်း
၇း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ မြန်မာ့ရှုခင်း

**ညပိုင်း**

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ စိုက်ပျိုးသုတ
၄း၂၅ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၄၅ ၆။ ဗွီစီဒီကျော်ကြားတေး
၄း၅၅ ၇။ သန့်စွာကိုင်လေစက္ကူငွေ
၅း၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း-၅၁)**
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၂၄)**
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ အမျိုးသားရေးတေးကဗျာ
၁၆။ ဒို့တာဝန်အရေး(၃)ပါး
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ Talk of The Town
၂၀။ မေးမြန်းစူးစမ်း
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေဆန်ကိုနှင်၍ (အပိုင်း-၈)**
၂၃။ Mini Series

## ကဝ အထက အာစရိယပူဇော်မည်

**ကဝ နိုဝင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး ကဝမြို့ အခြေခံပညာအထက်တန်းကျောင်း၏ အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား (၃၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၀ ရက်(အမျိုးသားနေ့)မွန်းတည့် ၁၂ နာရီတွင် ယင်းကျောင်း ဆရာကျော့ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဦးလှဌေး၊ ဖုန်း-၀၉-၇၃၉၀၂၇၃၆၊ ၀၅၂-၈၀၀၁၉၊ ဦးထင်ကျော်လင်း ဖုန်း-၀၅၂-၈၀၁၄၆၊ ဦးအောင်ခိုင်ဝင်း ဖုန်း-၀၅၂-၈၀၁၀၉၊ ဒေါ်နုတင် ဖုန်း-၀၅၂-၈၀၁၆၄၊ ဦးကျော်စိုး ဖုန်း-၀၅၂-၈၀၀၁၁နှင့် ဒေါ်စန်းရီ ဖုန်း-၀၅၂-၈၀၁၅၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၆-၁၁-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၆၁၀၀ | ၀. ၀၃၂၆၆ |
| တရုတ် (ယွမ်) | ၆. ၃၄၁၀၀ | ၀. ၁၅၇၇၀ |
| အိန္ဒိယ (ရူပီး) | ၄၈. ၉၉၀၀ | ၀. ၀၂၀၄၁ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၁၄၀၀ | ၀. ၃၂၁၁၃ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၆၄၈၀ | ၀. ၇၉၀၆၃ |
| ဂျပန် (ယန်း) | ၇၈. ၂၂၇၀ | ၀. ၀၁၂၇၈ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၁၀. ၇၀ | ၀. ၀၀၀၉၀ |
| ယူရို | ၀. ၇၂၄၉၀ | ၁. ၃၇၉၅၀ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၃၆၉ | ၁. ၆၀၃၃၅ |

*အင်တာနက်။*

## ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း စပါးစံကွက်ရိတ်သိမ်း

**တိုက်ကြီး နိုဝင်ဘာ ၆**

တိုက်ကြီးမြို့ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း ဝင်းအတွင်း သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးထားရှိသော စပါးများကို နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက စံကွက်ရိတ်သိမ်းရာ ခေတ္တကျောင်းအုပ်ကြီး ဦးအောင်ကြည်ဦး၊ မြို့နယ်မြေစာရင်း ဦးစီးဌာနမှူး ဦးသန်းဝင်း၊ မြို့နယ် မန်နေဂျာ ဒေါ်စန်းစန်းမြင့်နှင့် မြို့နယ်၊ ကျေးရွာအုပ်စုများမှ တာဝန်ရှိသူများ တက်ရောက်စစ်ဆေးပြီး**(ယာပုံ)** ကောင်းအဆင့် ဆင်းသုခစပါးမျိုး တစ်ဧကလျှင် အခြောက် ၉၀ ဒသမ ၅၀ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

(၅၂၆)



# ဗုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ပင့်ဆောင်ပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ဗုဒ္ဓဘာသာဝင် ရဟန်း၊ ရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ပင့်ဆောင်ပူဇော်ခြင်းအခမ်းအနားနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် အခမ်းအနားကို ယနေ့နံနက် ၅ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ Ba Da Chu ရှိ ဗုဒ္ဓမြတ်စွယ်တော် ကိန်းဝပ်စံပယ်တော်မူသည့် Ling Guang Si Buddhist Temple ၌ ကျင်းပသည်။

အခမ်းအနားများသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်သာသနာရေးဗျူရို ညွှန်ကြားရေးမှူးချုပ် Mr. Wang Zuo An၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ဦးနှင့် ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေးအဖွဲ့ဝင်များ၊ နိုင်ငံတော်သာသနာရေးဗျူရို နိုင်ငံခြားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Ms. Guo Wei နှင့် တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ် Mr. Xu Chao၊ Shan Xi ပြည်နယ်နှင့် Ji Lin ပြည်နယ် သာသနာရေးဗျူရိုတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌ ဘုန်းတော်ကြီး Ven. Chuan Yin နှင့် ဒုတိယဥက္ကဋ္ဌများ၊ ဗုဒ္ဓစွယ်တော်တိုက်ကျောင်းထိုင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ချန်ကျန့်နှင့် ဆရာတော်၊ သံဃာတော်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသံရုံးမှ ဝန်ထမ်းများနှင့် မိသားစုများ၊ တရုတ်ဗုဒ္ဓဘာသာဝင် အသင်းသား၊ အသင်းသူများနှင့်တရားဓမ္မ ပူဇော်ရေးအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော အဖွဲ့ဝင်များသည် တရုတ်ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌ ဘုန်းတော်ကြီး Ven. Chuan Yin အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကန်တော့ကြသည်။

ထို့နောက် ဗုဒ္ဓမြတ်စွယ်တော်အား ဘုန်းတော်ကြီး Ven. Chuan Yin ဦးဆောင်၍ ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြပြီး အမွှေးနံ့သာများဖြင့် ပူဇော်ကြသည်။

ယင်းနောက် ဗုဒ္ဓမြတ်စွယ်တော်အား ဘုန်းတော်ကြီး Ven. Chuan Yin ဦးဆောင်၍ ဆရာတော်၊ သံဃာတော်များ၊ ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော် သာသနာရေးဗျူရို ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေးအဖွဲ့ဝင်များက အထူးမော်တော်ယာဉ်ဖြင့် ပေကျင်း Capital လေဆိပ်သို့ ပင့်ဆောင်ကြသည်။

ထိုသို့ ပင့်ဆောင်စဉ် ဆရာတော်၊ သံဃာတော်များ၊ တရုတ်ဗုဒ္ဓဘာသာဝင် အသင်းသား၊ အသင်းသူများ၊ တရားဓမ္မပူဇော်ရေးအဖွဲ့ဝင်များက တရုတ်-မြန်မာ နှစ်နိုင်ငံအလံငယ်များကို ဝှေ့ယမ်း၍ တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ကာ ဖူးမြော်ကြည်ညိုကြသည်။

ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်လာသည့် အထူးမော်တော်ယာဉ်သည် နံနက် ၈ နာရီတွင် ပေကျင်း Capital လေဆိပ်သို့ရောက်ရှိရာ တာဝန်ရှိသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသို့ ပင့်ဆောင်ရန် အထူးလေယာဉ်ပေါ်သို့ ပင့်ဆောင်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးအဖွဲ့သည် ဗုဒ္ဓမြတ်စွယ်တော်အား ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် အထူးလေယာဉ်ဖြင့် ပင့်ဆောင်ခဲ့ကြရာ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ပင့်ဆောင်ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်သာသနာရေးဗျူရို ညွှန်ကြားရေးမှူးချုပ် Mr. Wang Zuo An ဦးဆောင်သော သာသနာရေးဗျူရိုမှ ၃၅ ဦး၊ တရုတ်ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌ ဘုန်းတော်ကြီး Ven. Chuan Yin ဦးဆောင်သော ဆရာတော်၊ သံဃာတော် ၃၂ ပါးနှင့် မီဒီယာ ၅ ဦးတို့ လိုက်ပါခဲ့ကြသည်။ (သတင်းစဉ်)



**တက်ရောက်ကြည်ညို**

**သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် ဗုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ပင့်ဆောင်ပူဇော်ခြင်း အခမ်းအနားနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် အခမ်းအနားသို့ တက်ရောက်ကြည်ညိုစဉ်။** (သတင်းစဉ်)

# ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ပူဇော်ရေးလွှဲပြောင်း လက်ခံစာချုပ် လက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၆

**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ပင့်ဆောင်ရေးအတွက် လွှဲပြောင်းလက်ခံစာချုပ်လက်မှတ်ရေးထိုးပွဲကို ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်း Capital လေဆိပ် အထူးဧည့်ခန်းမ၌ ကျင်းပသည်။**

လက်မှတ်ရေးထိုးပွဲသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်သာသနာရေးဗျူရို ညွှန်ကြားရေးမှူးချုပ် Mr. Wang Zuo An၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဦးနှင့် ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေးအဖွဲ့ဝင်များ၊ နိုင်ငံတော် သာသနာရေးဗျူရို နိုင်ငံခြားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Ms. Guo Wei နှင့် တာဝန်ရှိသူများ၊ တရုတ်ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ ဗုဒ္ဓစွယ်တော်တိုက် ကျောင်းထိုင်ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ချန်ကျန့်နှင့် ဆရာတော်၊ သံဃာတော်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ဗုဒ္ဓမြတ်စွယ်တော်အား ပင့်ဆောင်ပူဇော်ရေးအတွက် လွှဲပြောင်းလက်ခံစာချုပ်ကို ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် နိုင်ငံတော်သာသနာရေးဗျူရို ညွှန်ကြားရေးမှူးချုပ် Mr. Wang Zuo An တို့က လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။ (သတင်းစဉ်)



**သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်သာသနာရေးဗျူရို ညွှန်ကြားရေးမှူးချုပ် Mr. Wang Zuo An တို့ ဗုဒ္ဓမြတ်စွယ်တော်အား ပင့်ဆောင်ပူဇော်ရေးအတွက် လွှဲပြောင်းလက်ခံစာချုပ်ကို လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)

# တပ်မတော်သားများ၏ စုပေါင်းအင်အားဖြင့် ပခုက္ကူခရိုင်အတွင်းရေဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၆**

တပ်မတော်သားများနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများသည် နိုဝင်ဘာ ၅ ရက်က ပေါက်မြို့နယ် ရေပြာကျေးရွာတွင် ရေဝင်ရောက်မှုကြောင့် ပျက်စီးသွားသော နေအိမ်များကို အသစ်ဆောက်လုပ်ပေးခြင်း၊ လမ်းသန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ လမ်းမီးတိုင်များ မီးကြိုးသွယ်တန်း ပြုပြင်ခြင်း ခိုတောင်ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဓာတ်တိုင်များ အသစ်စိုက်ထူးခြင်း စသည်တို့ကို ဒေသခံပြည်သူတို့နှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြသည်။

ထို့အတူ ပခုက္ကူမြို့ ကျွဲတဲကျေးရွာအုပ်စု စွန်သိုက်ရွာသစ်ကွင်းတွင် ယာယီရွက်ဖျင်တဲများ အသစ်ဆောက်လုပ်ခြင်း၊ လူနေအိမ်ဆောက်လုပ်ရန်ပစ္စည်းများ သယ်ဆောင်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ရေဘေးသင့် အိမ်ထောင်စုများသည် ယာယီရွက်ဖျင်တဲများတွင် ကိုယ်တိုင်ချက်ပြုတ်စားသောက် နေနိုင်ပြီဖြစ်ကြောင်း၊ အဆိုပါစခန်းများတွင် လမ်းမီးတိုင်များမှ ညစဉ်လျှပ်စစ်မီးများ ထွန်းပေးထားသဖြင့် ရေဘေးသင့်မိသားစုများ စိတ်အေးချမ်းသာစွာ နေထိုင်လျက်ရှိကြောင်း သိရသည်။

ပခုက္ကူ ရေဘေးသင့်ကျေးရွာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ကျောက်ပန်းတောင်း၊ မိတ္ထီလာ၊ မကွေး၊ မုံရွာ၊ ပခုက္ကူ၊ ရေစကြို၊ ရွှေဘိုနှင့် ဆရာတော်တပ်နယ်တို့မှ အရာရှိ/စစ်သည်များသည် ဒေသခံပြည်သူတို့နှင့်အတူ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်-၃၉ ထုတ်ဝေဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၆**

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်-၃၉ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါမဂ္ဂဇင်းတွင် မင်းယုဝေ၊ နောင်၊ သိပ္ပံစိုးမြင့်နိုင် စသူတို့၏ ကဗျာများ၊ သုတဆောင်းပါးကဏ္ဍ၊ လူငယ်ကဏ္ဍ၊ ကမ္ဘာ့ဂန္ထဝင် ဝတ္ထုတိုကဏ္ဍ၊ နိုင်ငံတကာသုတရေးရာကဏ္ဍ၊ ရသဝတ္ထုတို ကဏ္ဍ၊ မြန်မာ့ဂန္ထဝင် ဝတ္ထုတိုကဏ္ဍ၊ ဗုဒ္ဓဝင်ဝတ္ထုတိုကဏ္ဍ၊ ကာတွန်းသရုပ်ဖော်ကဏ္ဍ၊ ဟာသကဏ္ဍ၊ ကာတွန်းကဏ္ဍတို့ စုံလင်စွာဖော်ပြပါရှိသည်။

စာမူများ၊ ကြော်ငြာများ ထည့်သွင်းလိုပါက စာတည်းမှူးချုပ် မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်-၄၅၅/၄၅၇ တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူ၍ ပေးပို့နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# ရွှေတိဂုံစေတီတော် မီးထွန်းပွဲနှင့် မသိုးသင်္ကန်းရက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၆**

ရန်ကုန်မြို့၏ ကျက်သရေဆောင် ရွှေတိဂုံစေတီတော်တွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မသိုးသင်္ကန်းရက်ပြိုင်ပွဲကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၉ ရက်မှ ၁၁ ရက်ထိ မီးထွန်းပွဲတော်ကို သုံးရက်တိုင် ပြုလုပ်သွားမည်ဖြစ်ပြီး မသိုးသင်္ကန်းရက်ပြိုင်ပွဲတွင် ဘာသာရေးအသင်းအဖွဲ့ ကိုးခုက ပန်းအမည်များဖြင့် မှည့်ခေါ်ထားသည့် ရက်ကန်းစင်တော်ကိုးခုတွင် အသီးသီးယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ရုံး အဖွဲ့မှူး ဦးဝင်းကြိုင်က ပြောသည်။

"မသိုးသင်္ကန်းကို ညနေ ၅ နာရီကနေ ည ၁၀ နာရီအထိ ရက်မယ်၊ ကျန်တဲ့ချည်ကို ကုန်အောင်ရက်ပြီးတဲ့အခါမှာ ပညာရှင်တွေက အကဲခတ်အမှတ်ပေးပြီးတဲ့နောက်မှာ ဆုပေးမယ်၊ အရုဏ်မတက်ခင်မှာ သင်္ကန်းတော်တွေကို လှည့်လည် ကပ်လှူမယ်၊ ဆွမ်းတော်ကြီး တင်မယ်"ဟုလည်းဂင်းကပြောကြားသည်။

**ချီးမြှင့်မည်**

မသိုးသင်္ကန်းရက်ပြိုင်ပွဲတွင် ပထမဆု ငွေကျပ် သုံးသိန်း၊ ဒုတိယဆု ငွေကျပ်နှစ်သိန်းခွဲ၊ တတိယဆု ငွေကျပ်နှစ်သိန်းနှင့် နှစ်သိမ့်ဆုအဖြစ် ငွေကျပ်တစ်သိန်းခွဲ ချီးမြှင့်သွားမည်ဖြစ်ပြီး နှစ်သိမ့်ဆုခြောက်ဆု ချီးမြှင့်မည်ဖြစ်သည်။

(ထက်ခိုင်-စမ်းချောင်း)

# ဖယောင်းအလင်းရောင် ၉၉၉၉ ပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၆**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာကုန်းမြေပေါ်၌ စံပယ်တော်မူသည့် အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရားကြီး၌ နိုဝင်ဘာ ၁၀ ရက်တွင် ဖယောင်းအလင်းရောင် ၉၉၉၉ ပူဇော်ပွဲကြီးကို (၂၁)ကြိမ်မြောက် ကျင်းပမည်ဖြစ်သည်။

ထိုနေ့နံနက် ၄ နာရီ မိနစ် ၅၀ တွင် မြတ်စွာဘုရားရှင်ကို အရုဏ်ဆွမ်း သင်္ကသတ်လွတ် မဲဇလီဖူးသုပ်၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူခြင်းနှင့် ဓမ္မပူဇာအစီအစဉ်ကို ကျင်းပသွားမည်ဖြစ်ပြီး ည ၆ နာရီ ၁၂ မိနစ်တွင် ဘုရားပရိဝုဏ်တစ်ခုလုံးတွင်ရှိသော လျှပ်စစ်မီးများအားလုံးကို ပိတ်၍ ခရုသင်း၊ ကြေးစည်၊ ကြေးမောင်း၊ အောင်မောင်း၊ တုံးမောင်း ခေါင်းလောင်းများတီးမှုတ်ထိုးခတ်လျက် ဖယောင်းအလင်းရောင်ဖြင့် ထွန်းညှိ ပူဇော်သွားမည်ဖြစ်သည်။ ဘုရားဖူးလာရောက်သူတိုင်းကို ည ၆ နာရီမိနစ် ၃၀ တွင် သင်္ကသတ်လွတ် မဲဇလီဖူးသုပ်များဖြင့် စတုဒိသာလှူဒါန်းသွားမည်ဟု သိရသည်။

ထိုပူဇော်ပွဲကြီးအတွက် ယာယီအလှူခံဌာနကိုလည်း အောက်တိုဘာ ၃၀ ရက်မှစတင် ဖွင့်လှစ်ထားပြီး အလှူငွေများကို လက်ခံလျက်ရှိကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။ (၆၈၀)



အမေရိကန် ထောက်လှမ်းရေးကို မျက်ခြည်ပြတ်ရန် နျူကလီးယားလက်နက်များကို ဤသို့သော ကုန်တင်ယာဉ်များဖြင့် ပါကစ္စတန်က ရွှေ့ပြောင်းခဲ့ကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။ (ဓာတ်ပုံ- အင်တာနက်)

# ပါကစ္စတန်နိုင်ငံက နျူကလီးယားလက်နက်များအား လျှို့ဝှက်စွာရွှေ့ပြောင်းနေကြောင်း သတင်းထွက်ပေါ်

ဝါရှင်တန် နိုဝင်ဘာ ၆

**ပါကစ္စတန်နိုင်ငံသည် ၎င်း၏ နျူကလီးယားလက်နက်များနှင့် ဆက်စပ်ပစ္စည်းများကို အမေရိကန် သူလျှိုအဖွဲ့အစည်းများ စုံစမ်းထောက်လှမ်းနိုင်ခြင်းမရှိစေရန် စတင်နေရာရွှေ့ပြောင်းလျက်ရှိကြောင်း အတ္တလန္တစ်နှင့် နေရှင်နယ်ဂျာနယ်အမည်ရှိ မဂ္ဂဇင်း နှစ်စောင်က နိုဝင်ဘာ ၄ ရက်တွင် ဖော်ပြထားသည်။**

အဆိုပါ မဂ္ဂဇင်းနှစ်စောင်၏ အဆိုအရ နျူကလီးယားလက်နက်များကို နေရာရွှေ့ပြောင်းရာတွင် လုံခြုံမှုလျော့ရဲသော ယာဉ်များဖြင့် ဘေးအန္တရာယ်များသော လမ်းများအသုံးပြု၍ ရွှေ့ပြောင်းလျက်ရှိရာ ယင်းလက်နက်များအား အစ္စလာမ္မစ်စစ်သွေးကြွများက ကြားဖြတ်လုယူနိုင်မည့် အန္တရာယ်ရှိကြောင်း သိရသည်။

အယ်လ်ခိုင်ဒါခေါင်းဆောင် အိုစမာဘင်လာဒင်အား အမေရိကန်ရေတပ်အထူးတပ်ဖွဲ့ဝင်များက ယခုနှစ် မေလ ၂ ရက်တွင် ပါကစ္စတန်ပိုင်နက်အတွင်း ဝင်ရောက်သုတ်သင်ခဲ့ပြီးနောက် အမေရိကန်နိုင်ငံက ၎င်း၏ နျူကလီးယားလက်နက်များကိုပါ ဖြုတ်သိမ်းရန် ကြိုးစားလာမည့်အရေးအား ပါကစ္စတန်နိုင်ငံအနေဖြင့် စိုးရိမ်လျက်ရှိသည်ဟု ဆိုသည်။

ယင်းအတွက်ကြောင့် အမေရိကန်ပြည်ထောင်စု၏ စောင့်ကြည့်မှုအောက်မှ လွတ်မြောက်ရေးအတွက် နျူကလီးယားလက်နက်များ တည်နေရာများကို ပြောင်းရွှေ့ရန် ပါကစ္စတန်အစိုးရက ပါကစ္စတန်နိုင်ငံ၏ နျူကလီးယားလက်နက်များ လုံခြုံရေးကို တာဝန်ယူထားသော မဟာဗျူဟာ စီမံချက်များ ဆိုင်ရာဌာနများ အကြီးအကဲအားညွှန်ကြားခဲ့ကြောင်း မဂ္ဂဇင်းနှစ်စောင်၏ ပူးတွဲသတင်းတွင် ဖော်ပြထားသည်။

သို့ရာတွင် ပါကစ္စတန်နိုင်ငံသည် အဖျက်စွမ်းအား လွန်စွာကြီးမားသော အဏုမြူပုံးများအား နေရာရွှေ့ပြောင်းရာတွင် လုံခြုံရေးအရ အထူးစီစဉ်ထားသည့် ယာဉ်တန်းများကို အသုံးပြုခဲ့ခြင်းမရှိဘဲ သာမန်ကုန်တင်ယာဉ်များဖြင့် အန္တရာယ်များသော လမ်းကြောင်းများမှ သယ်ယူခဲ့ကြောင်း သိရသည်။

အတ္တလန္တစ်နှင့် နေရှင်နယ်ဂျာနယ်မဂ္ဂဇင်းများပါ အဆိုပါ သတင်းနှင့် ပတ်သက်၍ မှတ်ချက်တစ်စုံတစ်ရာပေးရန် အမေရိကန်ပင်တဂွန်စစ်ဌာနချုပ်က ငြင်းဆိုခဲ့သည်။ သို့သော် အမေရိကန်စစ်ဘက်ဆိုင်ရာ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပါကစ္စတန်၏ နျူကလီးယားလက်နက်များမှာ လုံခြုံမှုရှိနေဆဲဖြစ်သည်ဟု မိမိတို့အနေဖြင့် ယုံကြည်ထားကြောင်း ပြောကြားခဲ့သည်။

***အင်တာနက်။***



# ဓာတုဒြပ်စင် တန်းစီဇယား၌ ဒြပ်စင်သစ်သုံးမျိုးအမည် ထပ်တိုးမည်

လန်ဒန် နိုဝင်ဘာ ၆

ဓာတုဗေဒကျောင်းသား၊ ကျောင်းသူများ လေ့လာသင်ကြားကြရသော အက်တမ်ပါဝင်မှုအရေအတွက်အပေါ် အခြေပြုထားသည့် ဓာတုဒြပ်စင်တန်းစီဇယား (Periodic Table)တွင် ဒြပ်စင်အမည်သစ်သုံးခု ထပ်မံ တိုးလာမည်ဖြစ်ကြောင်း နိုဝင်ဘာ ၅ ရက် သတင်းများတွင် ဖော်ပြသည်။

ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ကျင်းပခဲ့သော ရိုးရိုးနှင့် အသုံးချ ရူပဗေဒဆိုင်ရာ နိုင်ငံတကာသမဂ္ဂ၏ အထွေထွေညီလာခံ၌ ဒြပ်စင်သစ်သုံးမျိုး၏ အမည်များကို သဘောတူအတည်ပြုခဲ့ကြကြောင်း သိရသည်။

ဓာတုဒြပ်စင်တန်းစီဇယားတွင် ထပ်တိုးလာမည့် ဒြပ်စင်သစ်များမှာ darmstadtium(Ds)၊ roentgenium(Rg)နှင့် copernicium(Cn) တို့ဖြစ်ကြကြောင်း သတင်းများတွင် ဖော်ပြသည်။ ယင်းဒြပ်စင်သစ်များသည် ဓာတုဒြပ်စင်တန်းစီဇယား၌ အဆင့် ၁၁၀၊ ၁၁၁ နှင့် ၁၁၂ တို့၌ အစဉ်လိုက် ပါဝင်လာမည်ဖြစ်သည်။

ဓာတုဒြပ်စင်တန်းစီဇယား၌ အသစ်ထည့်သွင်းခဲ့သော ဒြပ်စင်သစ်များအနက် Copernicium ဒြပ်စင်အား ပရပ်ရှားနက္ခတ္တဗေဒပညာရှင် နီကိုလပ်စ် ကိုပါးနီးကပ်စ်၏ အမည်ကို အစွဲပြုမှည့်ခေါ်ထားခြင်းဖြစ်သည်။ ၁၅၄၃ ခုနှစ်တွင် ကွယ်လွန်ခဲ့သော ကိုပါးနီးကပ်စ်သည် နေကို ကမ္ဘာကလှည့်ပတ်နေသည်ဟူသောအချက်အား ပထမဆုံးထုတ်ဖော်တင်ပြခဲ့သူသိပ္ပံပညာရှင်ဖြစ်သည်။

Roentgenium ဟူသော ဒြပ်စင်၏ အမည်ကို ၁၈၉၅ ခုနှစ်၌ အိတ်စ်ရေးရောင်ခြည်အား ရှာဖွေထုတ်ဖော်ပေးခဲ့ခြင်းကြောင့် နိုဘယ်လ်ဆုရခဲ့သူ ဂျာမန်ရူပဗေဒပညာရှင် ဝိန်းကွန်းရက်ဒ်ရွန်ဂျင်း၏ အမည်အား အစွဲပြုမှည့်ခေါ်ထားခြင်းဖြစ်သည်။

***အင်တာနက်။***

# တောင်တရုတ်ပင်လယ်အတွင်း တရားမဝင် ရှေးဟောင်းပစ္စည်းရှာဖွေမှုများ တရုတ်နှိမ်နင်းမည်

ပေကျင်း နိုဝင်ဘာ ၆

ရေပိုင်နက် အငြင်းပွားမှုဖြစ်ပေါ်နေသည့် တောင်တရုတ်ပင်လယ်ရေပြင်အတွင်း နစ်မြုပ်နေသော သင်္ဘောများမှ ရတနာများအား ခွင့်ပြုချက်မရှိဘဲ ရယူရန်ကြိုးပမ်းနေကြသူ သိုက်တူးသမားများအား ခြေရာခံနှိမ်နင်းသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံက နိုဝင်ဘာ ၄ ရက်တွင် ပြောကြားခဲ့သည်။

သို့ရာတွင် တောင်တရုတ်ပင်လယ်ရေပြင်မှာ အလွန်ကျယ်ဝန်းခြင်းကြောင့် သိုက်တူးသမားများအား ခြေရာခံရှာဖွေနှိမ်နင်းရေးမှာ ခက်ခဲသည့်တာဝန်တစ်ရပ်ဖြစ်လာလိမ့်မည်ဟု နိုင်ငံပိုင်ဆင်ဟွာသတင်းဌာန၏ ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ရှေးခေတ် ရေကြောင်းပိုးလမ်းမပေါ်၌ တည်ရှိသည့် ပါရာဆယ်လ်ကျွန်းစု (စီရှားကျွန်းစု)ဝန်းကျင်၌ ရေအောက်နစ်မြုပ်ခဲ့ရသော သင်္ဘောများအတွင်းမှ ရှေးဟောင်းကြွေထည်များနှင့် ရွှေငွေရတနာများအားရရှိရန် အချို့သိုက်တူးသမားများသည် ဖောက်ခွဲရေးပစ္စည်းများ အသုံးပြုရှာဖွေတတ်ကြကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

စီရှားကျွန်းစု ဒေသဝန်းကျင်၌ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာနေရာ ၄၈ ခုရှိရာ အားလုံးမှာနည်းအမျိုးမျိုးဖြင့် တရားမဝင်ရတနာသိုက်တူးဖော်မှုများ ကြုံခဲ့ရကြောင်းသိရသည်။

ယခုနှစ် ဧပြီလအတွင်းက စီရှားကျွန်းစုရေပြင်အတွင်း ရတနာသိုက်ရှာဖွေသူများ ငှားရမ်းအသုံးပြုသော လှေငယ်ခြောက်စင်းအား တရုတ်အာဏာပိုင်များက ဖမ်းဆီးနိုင်ခဲ့ပြီး ရှေးဟောင်းကြွေထည်ပစ္စည်းအပိုင်းအစ ၁၄၀၀ ကျော်ကို သိမ်းဆည်းနိုင်ခဲ့သည်။

တောင်တရုတ်ပင်လယ်အတွင်းရှိ ရှေးဟောင်းအမွေအနှစ်များလုံခြုံရေးအတွက် တင်းတင်းကျပ်ကျပ် စောင့်ကြည့်နိုင်ရန် တရုတ်အစိုးရ၏ သက်ဆိုင်ရာဌာနများနှင့် အေဂျင်စီများ ဆွေးနွေးလျက်ရှိကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

***အင်တာနက်။***



**ဇဝရက်တောင်သို့ စတင်တက်ရာ လူကလာဒေသ လေဆိပ်၌ သောင်တင်နေသော နိုင်ငံတကာမှ တောင်တက်သမားများ။**

# ရာသီဥတုဆိုးရွားမှုကြောင့် သောင်တင်နေသူ တောင်တက်သမားရာပေါင်းများစွာ လုံခြုံရာဒေသသို့ လေးရက်ကြာ ခြေကျင်ခရီး လျှောက်လှမ်းခဲ့ကြရ

ခတ္တမန္ဒူ နိုဝင်ဘာ ၆

နှင်းမြူများ သိပ်သည်းစွာကျဆင်းနေမှုကြောင့် ဇဝရက်တောင်ဒေသ၌ သောင်တင်နေကြရသော ပြည်ပတောင်တက်သမား ခရီးသည်ရာပေါင်းများစွာတို့သည် လုံခြုံသည့်နေရာသို့ ရောက်ရှိရေးအတွက် ဟိမဝန္တာတောင်တန်းကိုဖြတ်ကာ ခြေကျင်လျှောက်ခဲ့ကြရကြောင်း နီပေါတာဝန်ရှိသူတစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

## ခြေကျင်လျှောက်

ရာသီဥတုအခြေအနေဆိုးရွားလာသည်နှင့်အမျှ အသက်အန္တရာယ်ထိခိုက်မှုနှင့် ကြုံရဖွယ်လည်းရှိရာ သောင်တင်နေသူ နိုင်ငံခြားသားတောင်တက်သမား ထောင်ပေါင်းများစွာအနက် လေးရာကျော်တို့သည် ခတ္တမန္ဒူမြို့သို့ပြန်ရန် ဂျီရီဒေသသို့ လေးရက်ကြာ ခြေကျင်လျှောက်ခဲ့ရကြောင်း သိရသည်။

ဇဝရက်တောင်သို့ စတင်တက်လှမ်းရာနေရာဖြစ်သော လူကလာဒေသရှိ တစ်ခုတည်းသောလေယာဉ်ဆင်းကွင်းမှာ ရာသီဥတုအခြေအနေ ဆိုးရွားမှုကြောင့် ပိတ်ထားခဲ့ရသည်။

နီပေါစစ်ဘက်က တစ်စင်းလျှင် လူ ၄၀ ကျော် သယ်ဆောင်နိုင်သော ကယ်ဆယ်ရေးရဟတ်ယာဉ်များအား လူကလာဒေသသို့ စေလွှတ်ရန်စီစဉ်ခဲ့သော်လည်း ရာသီဥတုအခြေအနေ ဆိုးရွားမှုကြောင့် ဖြစ်မြောက်ခဲ့ခြင်းမရှိပေ။

## သောင်တင်နေ

အမေရိကန်၊ ဗြိတိန်နှင့် ဂျာမနီနိုင်ငံသားများအပါအဝင် တောင်တက်သမား ၂၂၀၀ မှ ၂၅၀၀ ဝန်းကျင်ခန့်သည် လူကလာဒေသလေယာဉ်ကွင်း၌ သောင်တင်လျက်ရှိသည်။

တောင်တက်သမားများ သောင်တင်နေသည့်နေရာ၌ နေ့စဉ်သုံး ကုန်ပစ္စည်းများ ဈေးနှုန်းမှာ မြင့်တက်လျက်ရှိပြီး အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက် စသည့် စားနပ်ရိက္ခာများလည်း ရှားပါးစပြုလာပြီဖြစ်ကြောင်း သိရသည်။

***အင်တာနက်။***

# နိုင်ဂျီးရီးယား အရှေ့မြောက်ပိုင်း၌ အကြမ်းဖက်မှုများကြောင့် တစ်ရက်တာအတွင်း လူ ၁၀၀ ကျော် သေဆုံးခဲ့ကြရ

လာဂို့စ် နိုဝင်ဘာ ၆

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း၌ အစ္စလာမ္မစ်အစွန်းရောက်ဝါဒီအဖွဲ့တစ်ဖွဲ့က လုပ်ဆောင်ခဲ့သော တိုက်ခိုက်မှုအမျိုးမျိုးကြောင့် လူ ၁၀၀ ကျော်သေဆုံးခဲ့ရကြောင်း နိုင်ဂျီးရီးယားကြက်ခြေနီအဖွဲ့ တာဝန်ရှိသူ တစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ယိုဘီပြည်နယ် မြို့တော်ဒါမာတူရူ၌ နိုဝင်ဘာ ၄ ရက်တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများအတွင်း သေဆုံးခဲ့ရသူများစာရင်းကို ဒေသန္တရ ဆေးရုံ၊ ဆေးခန်းများက ကောက်ယူဆဲဖြစ်ရာ သေဆုံးသူဦးရေ တိုးလာနိုင်ကြောင်း နိုင်ဂျီးရီးယားကြက်ခြေနီအဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

ဒေသအခေါ်အားဖြင့် ဘိုကိုဟာရမ်အမည်ရှိ အစ္စလာမ္မစ်အစွန်းရောက်ဝါဒီအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှု ဒဏ်ကို အကြီးအကျယ်ခံခဲ့ရသည့် ဒါမာတူရူမြို့မှာ တိတ်ဆိတ်ခြောက်ကပ်ခဲ့ရသော်လည်း မြို့ခံမွတ်စလင် ဘာသာဝင်များသည် ဘာသာရေးပွဲတော် အားလပ်ရက်အား တနင်္ဂနွေနေ့က ကျင်းပခဲ့ကြသည်။

ဒါမာတူရူမြို့တွင် လမ်းများ၌ နိုင်ဂျီးရီးယားစစ်ဘက်နှင့် ရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးရယူထားသော်လည်း မြို့တွင်းနေရာအတော်များများမှာ တိတ်ဆိတ်ငြိမ်သက်ခဲ့ရကြောင်း နိုင်ဂျီးရီးယားကြက်ခြေနီအဖွဲ့က ပြောကြားသည်။

ဘိုကိုဟာရမ်အစွန်းရောက်အဖွဲ့သည် ဒါမာတူရူမြို့မှ မိုင် ၈၀ ခန့်အကွာရှိ မိုင်ဒူဂူရီမြို့တွင်လည်း နိုင်ဂျီးရီးယားရဲတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးအား သတ်ဖြတ်ခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံ၌ နိုဝင်ဘာ ၄ ရက်က ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများနှင့်ပတ်သက်၍ ပြစ်တင်ရှုတ်ချသည့် ကြေညာချက်တစ်စောင်ကို ကုလသမဂ္ဂကလုံခြုံရေးကောင်စီက နိုဝင်ဘာ ၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုများ၌ ပါဝင်ပတ်သက်သူများအား တရားဥပဒေအရ အပြစ်ပေးနိုင်ရေးအတွက် နိုင်ဂျီးရီးယားအာဏာပိုင်များကိုကူညီရန် ကုလသမဂ္ဂကလုံခြုံရေးကောင်စီအား တောင်းဆိုခဲ့သည်။

အသေခံဗုံးခွဲတိုက်ခိုက်ခြင်းနှင့် လက်နက်ငယ်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ပါဝင်သော နိုဝင်ဘာ ၄ ရက် အကြမ်းဖက်မှုများအား မိမိတို့လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဘိုကိုဟာရမ်အဖွဲ့က ပြောကြားသည်။

***အင်တာနက်။***



**နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း၌ ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့ရသော မော်တော်ယာဉ်တစ်စီး။**

### နိုင် ငံ တ ကာ ရုပ် ရှင် အ နု ပ ညာ ရပ် ဝန်း

## တရုတ်ရုပ်ရှင်ကားတွင် ခေါင်းဆောင်မင်းသမီးအဖြစ် သရုပ်ဆောင်မည့် ကိုရီးယားမင်းသမီး ဂျန်နာရာ



ကိုရီးယားမင်းသမီး ဂျန်နာရာသည် တရုတ် ရုပ်ရှင်ကားတစ်ကားတွင် ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ရာ တရုတ်ရုပ်ရှင်ကားကြီးတွင် ပထမဆုံးအကြိမ် ပါဝင်သရုပ်ဆောင်ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဂျန်နာရာ၏ အနုပညာရေးရာ တာဝန်ရှိသူတစ်ဦးက Flying With You အမည်ရှိ တရုတ်ရုပ်ရှင်ကားတွင် ဂျန်နာရာက တရုတ်(တိုင်ပေ) မင်းသား ဂျင်မီလင်း၏ သမီးအဖြစ် သရုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ လွန်ခဲ့သည့် သီတင်းပတ်က ဤဇာတ်ကားနှင့် ပတ်သက်၍ ပေကျင်းမြို့တွင် ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲသို့လည်း ဂျန်နာရာ တက်ရောက်ခဲ့ပြီး ယင်းဇာတ်ကားရိုက်ကူးရန် ယခုနှစ်ကုန်ထိ တရုတ်နိုင်ငံတွင် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

Flying With You အမည်ရှိ ဇာတ်ကားသည် ၁၉၈၀ ခုနှစ်များတွင် ကမ္ဘာ့လေထီးခုန်ပြိုင်ပွဲတွင် ပါဝင်ခဲ့သည့် လူငယ်တစ်စု၏ အကြောင်းကို တရုတ်ဒါရိုက်တာ ကျန်းလီက ပုံဖော်ရိုက်ကူးတင်ပြသွားမည်ဖြစ်သည်။ ဤဇာတ်ကားတွင် မင်းသား ဂျင်မီလင်းက အထူးတပ်ဖွဲ့တစ်ဖွဲ့မှ လေထီးခုန်နည်းပြ အငြိမ်းစားတစ်ဦးအဖြစ် သရုပ်ဆောင်မည်ဖြစ်ပြီး ဂျန်နာရာက ဖခင်၏ အရိုက်အရာကို ဆက်ခံမည့်သမီးအဖြစ် သရုပ်ဆောင်သွားမည် ဖြစ်သည်။

ဤဇာတ်ကားကို ၂၀၁၂ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ဖြန့်ချိပြသွားရန် စီစဉ်ထားသကဲ့သို့ တရုတ်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံ သံတမန်ဆက်ဆံမှု နှစ်(၂၀)မြောက် အထိမ်းအမှတ်အဖြစ် ပြသသွားရန်လည်း ရည်ရွယ်ထားသည်။

ကိုရီးယားကြယ်ပွင့် ဂျန်နာရာသည် အနုပညာလောကသို့ ၂၀၀၁ ခုနှစ်မှစ၍ အဆိုတော်တစ်ဦးအနေဖြင့် စတင်ခဲ့ခြင်းဖြစ်ပြီး Bratty Princess၊ Babyfaced Beauty ရုပ်သံဇာတ်လမ်းတွဲများ အပါအဝင် ဇာတ်လမ်းတွဲအများအပြားတွင် ပါဝင်သရုပ်ဆောင်ခဲ့သကဲ့သို့ တရုတ်ဘာသာဖြင့်လည်း တေးအယ်လ်ဘမ်များ ထုတ်ဝေဖြန့်ချိခဲ့သည်။ ***အင်တာနက်။***

**အောဝမ်းစိုး**

## အမေရိကန်တပ်များရုပ်သိမ်းပြီးနောက် အာဖဂန်ကိုဩဇာလွှမ်းမိုးရန် အိန္ဒိယနှင့် ပါကစ္စတန် ပြိုင်ဆိုင်လာနိုင်

**နယူးယောက် နိုဝင်ဘာ ၆**

အမေရိကန်တပ်ဖွဲ့များ အာဖဂန်နစ္စတန်နိုင်ငံမှ ရုပ်သိမ်းထွက်ခွာခဲ့ပြီးနောက် ယင်းနိုင်ငံအတွင်း ဩဇာတည်ဆောက်ရေးအတွက် အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့က အပြိုင်အဆိုင် ကြိုးပမ်းလာနိုင်ကြောင်း ပါကစ္စတန်သမ္မတဟောင်း ပါဗက်မူရှာရက်ဖ်က ယနေ့ပြောကြားသည်။

**အပြိုင်အဆိုင်ကြိုးပမ်း**

အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းခဲ့ပြီးနောက် စိတ်ပိုင်း ရုပ်ပိုင်းဆိုင်ရာအရ ချည့်နဲ့ကျန်ခဲ့သည့် အာဖဂန်နစ္စတန်အပေါ် ဩဇာလွှမ်းနိုင်ရေးအတွက် အိန္ဒိယနှင့် ပါကစ္စတန်တို့က အပြိုင်အဆိုင်ကြိုးပမ်းလာခြင်းကြောင့် ဒေသတွင်းရှုပ်ထွေးမှုများ ဖြစ်လာနိုင်ကြောင်း စီအင်န်အင်န် ရုပ်သံသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းရာတွင် မူရှာ ရက်ဖ်က ပြောကြားခဲ့သည်။

အိန္ဒိယနှင့် ပါကစ္စတန်တို့က အာဖဂန်နစ္စတန်အပေါ် ဩဇာလွှမ်းမိုးနိုင်ရန် အပြိုင်အဆိုင်ကြိုးပမ်းလာခြင်းကြောင့် အမေရိကန်တပ်ဖွဲ့များ အာဖဂန်ကို ကျူးကျော်ဝင်ရောက်ခြင်းမရှိမီ ဖြစ်ပေါ်ခဲ့သည့် ဒေသတွင်း မတည်ငြိမ်မှုအခြေအနေ တစ်ကျော့ပြန်လည်ဖြစ်ပွားလာဖွယ်ရှိကြောင်း ပါကစ္စတန်သမ္မတဟောင်း၏ အဆိုအရ သိရသည်။

အာဖဂန်တပ်ဖွဲ့ဝင်များနှင့် ထောက်လှမ်းရေးတာဝန်ရှိသူများအား ကူညီလေ့ကျင့်ပေးခြင်းဖြင့် ဩဇာတည်ဆောက်ရန် ပါကစ္စတန်က ကြိုးပမ်းနေသော်လည်း အာဖဂန်စစ်ဘက်ထောက်လှမ်းရေးနှင့် လုံခြုံရေးအဖွဲ့မှ အဖွဲ့ဝင်များသည် လေ့ကျင့်မှုများ ရယူရေးအတွက် အိန္ဒိယနိုင်ငံသို့ သွားရောက်နေကြကြောင်း မူရှာရက်ဖ်က ပြောကြားခဲ့သည်။

***အင်တာနက်။***



**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပမည့် China-ASEAN Youth Camp 2011 သို့ တက်ရောက်ရန် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အသင်းဝင် ဒေါ်သင်းသင်းအောင်နှင့် ဒေါ်မေသန္တာဝင်းတို့အား နိုဝင်ဘာ ၃ ရက်က လေကြောင်းခရီးဖြင့် မထွက်ခွာမီ လိုက်ပါပို့ဆောင်သူ အသင်းအကျိုးတော်ဆောင် ဒေါ်စန္ဒာထွန်းနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။** (ကြေးမုံ)

## အောင်မြေသာစံမြို့နယ် အမှတ်(၁၄)အခြေခံပညာအလယ်တန်းကျောင်း စူပါစိမ်းနှင့်ရွှေပြည့်သျှံ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၆

**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်တို့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် အောင်မြေသာစံမြို့နယ် အမှတ်(၁၄)အခြေခံပညာအလယ်တန်းကျောင်း စူပါစိမ်းနှင့် ရွှေပြည့်သျှံ ကျောင်းဆောင်သစ်နှင့်ပရိဘောဂ၊ ကွန်ပျူတာ ၁၀ လုံး၊ ပရင်တာ တစ်လုံး၊ အီလက်ထရွန်နစ်ဆက်စပ်ပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်ကြသည်။**

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူး ဦးစိုးမြင့်ထွန်းနှင့် အလှူရှင် ဦးတင်မိုး-ဒေါ်မြနှင်းဝေတို့က စူပါစိမ်းနှင့်ရွှေပြည့်သျှံ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က ရတနာမိုးဝေကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းဆောင်သစ်များကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ရွှေပြည့်သျှံ ကျောင်းဆောင်၌ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ခြင်းနှင့် ဆင်းရဲနွမ်းပါးသော ကျောင်းသား၊ ကျောင်းသူများအား အလှူငွေထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အမှာစကားပြောကြားကြပြီး အလှူရှင် ဦးတင်မိုး၊ ဇနီး ဒေါ်မြနှင်းဝေတို့က ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးထံသို့ လည်းကောင်း၊ အမှတ်(၁၄)အခြေခံပညာအလယ်တန်းကျောင်း ကျောင်းပဒေသာပင်အတွက် အလှူငွေများကို ကျောင်းအုပ်ဆရာမကြီးထံသို့လည်းကောင်း ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ကမ္ဘာ့ဆီးချို သွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အကြိုဟောပြောပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၆**

၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဆီးချို သွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အကြိုဟောပြောပွဲကို ယနေ့ ညနေ ၃ နာရီခွဲတွင် ရန်ကင်းပညာရေးကောလိပ်ခန်းမ၌ ကျင်းပသည်။

ဆီးချို သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ပါမောက္ခဒေါက်တာတင့်ဆွေလတ်၊ ကထိက ဒေါက်တာကိုကိုနှင့် ရန်ကင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာတင်အောင်ရွှေတို့က ဟောပြောကြပြီး ရန်ကင်းပညာရေးကောလိပ်ကျောင်းအုပ်ကြီးက ကျေးဇူးတင်စကားပြောကြားသည်။

ဆီးချို သွေးချိုသည် လူမျိုးမရွေး၊ ဘာသာမရွေး၊ အသက်အရွယ်မရွေး၊ အချိန်အခါမရွေး ဖြစ်နိုင်သည်။နာတာရှည်ရောဂါဖြစ်ခြင်းကြောင့် မဖြစ်ခင် ကြိုတင်ကာကွယ်ရန် အထူးပင်အရေးကြီးသည့် ရောဂါလည်း ဖြစ်သည်။ ဖြစ်နေလျှင်လည်း နောက်ဆက်တွဲရောဂါများ မဖြစ်ပွားအောင် ဂရုစိုက်ထိန်းသိမ်းရန် အရေးကြီးသည်။ ဆီးချို သွေးချိုရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးများကြောင့် သေဆုံးသူဦးရေမှာ တစ်နှစ်ထက်တစ်နှစ် တိုးပွားလျက်ရှိခြင်းကြောင့် အထူးဂရုစိုက်ကာကွယ်ထိန်းသိမ်းရန် လိုအပ်ကြောင်းဖြင့် ကျွမ်းကျင်သူတစ်ဦးက သတိပေးပြောကြားသည်။ (စိုးမင်း-သတင်းစဉ်)



## မိုင်းဆတ်မြို့နယ်တွင် မိုးစပါးစံကွက် ရိတ်သိမ်းပွဲကျင်းပ

**မိုင်းဆတ် နိုဝင်ဘာ ၆**

ရှမ်းပြည်နယ် မိုင်းဆတ်မြို့နယ် မယ်နင်ကျေးရွာအုပ်စု ကွင်းအမှတ်(၂၅) မယ်နင်ကွင်း ဦးပိုင်အမှတ်(၄၉/၁၁)ရေိယာ ၁ ဒသမ ၇၀ ဧကရှိ တောင်သူဦးယောတ၏ လယ်မြေတွင် မိုးစပါးစံကွက် ရိတ်သိမ်းပွဲကျင်းပခဲ့ပြီး**(အပေါ်ပုံ)** ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး ဦးကျော်ထင်က ဒေသခံတောင်သူများအား တစ်ဧက စပါးတင်း ၁၀၀ နှုန်းအထက် ထွက်ရှိရေးနှင့် ဆောင်းသီးနှံများနှင့် နွေစပါးတို့ကို တိုးချဲ့စိုက်ပျိုးရေး ရှင်းလင်းပြောကြားကာ ရေဆင်း-၂ စပါးတစ်ဧကလျှင် ၁၀၂ ဒသမ ၉၇ တင်းနှုန်း ထွက်ရှိကြောင်း သိရှိရသည်။ (ကြေးမုံ)



**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်လွင်(ဒုတိယညွှန်ကြားရေးမှူး) ခေါင်းဆောင်၍ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ယာဉ်ထိန်း)နှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းပါဝင်သောအဖွဲ့ အောက်တိုဘာ ၂၈ ရက်က ကျိုင်းတုံမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းမှ တာချီလိတ်မြို့နှင့် တောင်ကြီးမြို့များသို့ ထွက်ခွာမည့်ယာဉ်များအား ကွင်းဆင်းစစ်ဆေးကြစဉ်။** (ကညန)

## ဟသ်ာတ အထက(၂) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ဟသ်ာတ အောက်တိုဘာ ၅**

ဟသ်ာတမြို့ အထက(၂)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၄၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို နိုဝင်ဘာ ၂၀ ရက် (အမျိုးသားနေ့) နံနက် ၉ နာရီတွင် ဟသ်ာတမြို့ အထက(၂) နဝရတ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပူဇော်ပွဲအခမ်းအနားသို့ လိုက်ပါလိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများ နိုဝင်ဘာ ၁၂ ရက်နောက်ဆုံးထား၍ စာရင်းပေးပို့ကြပါရန်နှင့် ဦးဖေသန်း ဖုန်း-၀၁၅၃၉၅၇၅၊ ဦးစိုးမြင့်အောင် ဖုန်း-၀၁-၆၆၃၄၄၈၊ ဒေါ်အေးအေးစိန် ဖုန်း-၀၁-၆၄၃၇၈၆၊ ဦးစံလှ ဖုန်း-၀၉-၅၀၈၅၂၀၇၊ ဦးမောင်မောင်ကြည် ဖုန်း-၀၉-၅၀၂၉၅၄၃နှင့် ဦးရန်အောင် ဖုန်း-၀၉-၅၃၀၀၁၁၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

## “ဘဘကြီး” စာကြည့်တိုက်ဖွင့်ပွဲ ဒိုက်ဦးမြို့နယ်၌ ကျင်းပ

**ဒိုက်ဦး နိုဝင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အိမ်ခြေလေးဆယ်ကျေးရွာတွင် ဘဘကြီး စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၁၃ ရက်က ကျင်းပရာ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် သုတရသစာအုပ်များ၊ မဂ္ဂဇင်း၊ ဂျာနယ်များ၊ ကာတွန်းများ၊ ကလေးစာပေစာအုပ်များ လှူဒါန်းခဲ့ကြပြီး အငြိမ်းစားကျောင်းဆရာကြီးများ၊ နယ်ခံစာရေးဆရာများက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် စာပေရေးရာများကို ဟောပြောခဲ့ကြကြောင်း သိရသည်။

အဆိုပါစာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက ဦးစိုးဝင်း (အိမ်ခြေလေးဆယ်) ဖုန်း-၀၅၂-၄၀၄၃၆၊ ဦးမောင်မောင်သန်း ဖုန်း-၀၅၂-၄၀၂၂၈၊ ဦးနေတင်မြင့် ဖုန်း-၀၅၂-၄၀၄၂၇ နှင့် ဦးမိုးနေ ဖုန်း-၀၅၂-၄၀၃၀၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၆၀၈)



## မြန်မာ့သစ်တော သီတင်းပတ်ပြိုင်ပွဲများ ဆုချီးမြှင့်

**လှိုင်ကော် နိုဝင်ဘာ ၆**

မြန်မာ့သစ်တောသီတင်းပတ်အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲကို အလက(၂) လှိုင်ကော်တွင် အောက်တိုဘာ ၂၀ က ကျင်းပရာ စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၃၆ ဦး၊ ပန်းချီပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၁၅ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ငါးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူများကို ကယားပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဦးနှင့် ပညာရေးဌာနမှ တာဝန်ရှိသူများက ချီးမြှင့်ပေးသည်။ **(အပေါ်ပုံ)** (ကြေးမုံ)

ဗ လ ငါး တန် ဖွံ့ ဖြိုး ဖို့ စာ အုပ် စာ ပေ လေ့ လာ စို့

# ဗီယက်နမ်နှင့် မြန်မာစိုက်ပျိုးရေးပညာရှင်များ ပညာပိုင်းဆိုင်ရာ ပူးပေါင်း၍ မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၆**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့် တာဝန်ရှိသူများ၊ ဗီယက်နမ်နိုင်ငံမှ စိုက်ပျိုးရေးပညာရှင် Viettranimex ကုမ္ပဏီ ဥက္ကဋ္ဌ Mr. Nguyen Ven Theth နှင့်အဖွဲ့တို့နှင့်အတူ ယနေ့ နံနက် ၈ နာရီတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရှိ သုတေသနဧက ၁၀၀ စပါးမျိုးစေ့ထုတ် စိုက်ခင်းကို ကြည့်ရှုပြီး သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် တိုးချဲ့ဆောင်ရွက်သွားရန်နှင့် ဗီယက်နမ်နှင့် မြန်မာစိုက်ပျိုးရေး ပညာရှင်များ ပညာပိုင်းဆိုင်ရာ ပူးပေါင်း၍ တောင်သူလယ်သမားများအတွက် ဝင်ငွေတိုး၊ အကျိုးဖြစ်ထွန်းစေနိုင်မည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထိရောက်ကျယ်ပြန့်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ကမ္ဘာ့ဈေးကွက်တွင် ဈေးနှုန်းကောင်း၊ ဈေးကွက်ခိုင်မာသော ဆန်စပါးမျိုးများကို စီးပွားဖြစ်ထုတ်လုပ်ရောင်းချနိုင်ခြင်းအားဖြင့် တောင်သူလယ်သမားများနှင့် နိုင်ငံတော်အတွက်အကျိုးပိုမိုဖြစ်ထွန်းရရှိနိုင်ရေး ကြိုးပမ်းအကောင်အထည်ဖော်သွားကြရန်တို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ သစ်တပ်ကျေးရွာ စိုက်ပျိုးရေးနှင့်မွေးမြူရေး ပေါင်းစည်းလယ်ယာစက်မှုလယ်ယာဧက ၃၀ မျိုးသန့်စိုက်ခင်း၌ သုတေသနစမ်းသပ်စိုက်ပျိုးထားသော (B) ဘီလိုင်းစပါးစိုက်ခင်းကို လည်းကောင်း၊ နဂါးမောက်မျိုးကောင်း မျိုးသန့်များ ထုတ်လုပ်ပျိုးထောင်၍ ဖြန့်ဖြူးပေးရန် စီမံဆောင်ရွက်ထားရှိမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဗီယက်နမ်နိုင်ငံမှ စိုက်ပျိုးရေးပညာရှင်များ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရှိ သုတေသနဧက ၁၀၀ စပါးမျိုးစေ့ထုတ်စိုက်ခင်း၌ ကြည့်ရှုကြစဉ်။

(သတင်းစဉ်)

**တောင်သူပညာပေး**

ယင်းနောက် ပုဗ္ဗသီရိမြို့နယ် တောင်သူပညာပေး ဧက ၅၀၀ စိုက်ကွင်းအတွင်း စိုက်ပျိုးထားရှိသော ရက် ၆၀ သားသက်တမ်းရှိ ငရုတ်စပ်စိုက်ခင်းနှင့် ၂၅ ရက်သားရှိ ရွှေသခွားစိုက်ခင်း ဖြစ်ထွန်းနေမှုကို လည်းကောင်း၊ အထူးဇုန်အတွင်းရှိ ခင်းကျင်းပြသထားသည့် အပြည်ပြည်ဆိုင်ရာဆန်စပါးသုတေသနဌာနမှ ပေးပို့ထားသော စပါးမျိုးများ၊ ဗီယက်နမ်နိုင်ငံမှ နမူနာပေးပို့ပြသထားသော သီးနှံမျိုးများကိုလည်းကောင်း၊ ခေတ်မီစပါး အခြောက်ခံစက် (Dryer)၊ စပါးသိုလှောင်ရုံ (Silo) များ တည်ဆောက်ပြီးစီးမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၇-၁၁-၂၀၁၁ (တနင်္လာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | အောင်တော်မူ(စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်) |
| ၇း၅၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၈း၀၅ | ၆။ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ |
| ၈း၁၅ | ၇။ | ချစ်စရာ့အရွယ်ကကြိုးသွယ် |
| ၈း၃၀ | ၈။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက |
| ၈း၄၀ | ၉။ | International News |
| ၈း၄၅ | ၁၀။ | လေးဆူဓာတ်ပျော်ရွှေဆံတော် |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | အကပဒေသာ |
| ၄း၂၀ | ၃။ | အတီးပြိုင်ပွဲ |
| ၄း၃၀ | ၄။ | တေးဂီတအစီအစဉ် |
| ၄း၄၀ | ၅။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ်(အိမ်တွင်းစီးပွား အထူးပြု)(အိမ်တွင်းစီးပွား) |
| ၄း၅၅ | ၆။ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၅း၀၀ | ၇။ | တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတ အဖွဲ့ ဖျော်ဖြေခန်း) |
| ၅း၁၀ | ၈။ | မြန်မာစာ၊ မြန်မာစကား |
| ၅း၂၅ | ၉။ | မြန်မာတေးသံရှင်ရွေးချယ်ပွဲ |
| ၆း၀၀ | ၁၀။ | ညနေခင်းသတင်း |
| ၆း၁၅ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၂။ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၇း၀၀ | ၁၃။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (ဒုတိယတွဲ) (အပိုင်း-၁၄)** |
| ၈း၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | ကမ္ဘာကျော်သရုပ်ဆောင်များ |
| | ၁၈။ | **အိန္ဒိယရုပ်ရှင် "ထပ်မပြောပါနဲ့တော့" (အပိုင်း-၂)** |
| | ၁၉။ | အစီအစဉ်ပြီး၏။ |

# (၅၁)ကြိမ်မြောက် ကျောက်ဆည်မြို့ ဝေဘူချောင် ရတနာ(၃)ပါးပူဇော်ပွဲကြီး ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၆**

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၅၁)ကြိမ်မြောက် ကျောက်ဆည်မြို့ ဝေဘူချောင် ရတနာ(၃)ပါး ပူဇော်ပွဲကြီးကို နိုဝင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဖုန်း-၀၆၆-၅၀၄၄၆၊ ၀၉-၄၃၀၅၂၂ ၀၉၊ ၀၉-၂၁၅၀၁၆၈၊ ၀၉-၂၂၀၃၂၃၊ ၀၉-၂၂၀၇၅၅၊ နှင့် ၀၉-၉၁၃၁၇၅၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

# ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၆

**ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းသည် အောက်တိုဘာ ၂၈ ရက် နံနက် ၈ နာရီ မိနစ် ၅၀ တွင် ဖလမ်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများအားတွေ့ဆုံပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးဆိုင်ရာ လုပ်ငန်းစဉ်(၈)ရပ်ကို ရှင်းလင်းဆွေးနွေးမှာကြားသည်။**

ထို့နောက် သိုင်းငင်း-တီးတိန်လမ်း မိုင်တိုင်အမှတ် (၁၃/၃) တွင် လမ်းအထူးအဖွဲ့(၁၁)မှ စက်ယန္တရားများဖြင့် လမ်းရှင်းလင်းပြင်ဆင်မှုကို ကြည့်ရှုပြီး ရေတိုက်စားခြင်းမှ ကာကွယ်ဆောင်ရွက်ရေး၊ ယာဉ်များသွားလာရာတွင်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် အောက်တိုဘာ ၂၉ ရက် နံနက် ၁၁ နာရီခွဲတွင် ကျီးခါးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံများအားတွေ့ဆုံပြီး ကျီးခါးမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျီးခါးမြို့တောင်သူ ဒေါ်နွမ်းခန့်ကျိန်၏ မိုးစပါးလယ် ၃ ဒသမ ၈၅ ဧက စိုက်ခင်း၌ ကျင်းပသော စံကွက်ရိတ်သိမ်းပွဲနှင့် စုပေါင်းကောက်ရိတ်သိမ်းပွဲကို ကြည့်ရှုအားပေးပြီး ကျီးခါးမြို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးနှင့် တွန်းဇံမြို့ ပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် အောက်တိုဘာ ၃၀ ရက်တွင် တီးတိန်မြို့နယ် လိုင်တွီးကျေးရွာတွင် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ကျေးရွာအတွက် ငွေကျပ်သိန်း ၅၀ ထောက်ပံ့ပေးအပ်ပြီး ရိဒ်ခေါဒါရ်နယ်စပ်ကုန်သွယ်ရေးစခန်း၊ ရိဒ်ခေါဒါရ်မြို့ အမှတ်(၂)ရပ်ကွက်ရှိ ဦးမောသဲအာရ်၏ သရက်စိုက်ပျိုးထားမှု၊ နာနတ်ပင် စိုက်ပျိုးမှုတို့ကို ကြည့်ရှုပြီး ဦးဇာလှေ့ခုမ်းအာရ်၏ ပေါင်းစည်းလယ်ယာ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ရိဒ်ခေါဒါရ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

**ထောက်ပံ့ငွေပေးအပ်**

ပြည်နယ်ဝန်ကြီးချုပ်သည် အောက်တိုဘာ ၃၁ ရက်တွင် ဗားလုံကျေးရွာ ဂေါ်ဖီထုပ် သီးနှံစိုက်ပျိုးထားရှိမှု၊ ကြက်သွန်နီ စိုက်ပျိုးမှုနှင့်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဖလမ်းခရိုင် ပြည်သူ့ဆေးရုံ၌ ဆေးကုသမှု ခံယူနေသော လူနာများကို အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများကို ပေးအပ်သည်။

ယင်းနောက် ဖလမ်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ဒေသခံပြည်သူများက စုပေါင်းလှူဒါန်းသည့် လီတာ ၁၀၀၀ ဆံ့ စတီးသောက်သုံးရေစင်ဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး ကျောင်းစာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)



**ပေးအပ်လှူဒါန်း**

**အောက်တိုဘာ ၂၈ ရက်က ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရွှေလဝင်းလမ်းနေ ဦးခင်မောင်ကြည်-ဒေါ်ကြင်ရွှေမိသားစုမှ ဥက္ကံမြို့ ဦးမောင်ရုံး-ဒေါ်ရင်ဘိုးဘွားရိပ်သာသို့ ထာဝရပဒေသာပင် ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးဟုန်စိန် လက်ခံစဉ်။**

(ဘိုးဘွားရိပ်သာ)

# ရန်ကုန် ပညာရေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ စုပေါင်းခရီးထွက်မည်

**ရန်ကုန် နိုဝင်ဘာ ၆**

ရန်ကုန်ပညာရေးတက္ကသိုလ် ၁၉၆၉-၁၉၇၄ ခုနှစ် ကျောင်းသား၊ ကျောင်းသူဟောင်းများ (၁၉၆၉ ခုနှစ် တက်ရောက်သူများ၊ ၁၉၇၄ ခုနှစ် ပညာရေးဘွဲ့ရသူများ)သည် နိုဝင်ဘာ ၁၀ ရက် (ကြာသပတေးနေ့) နံနက်မှ နိုဝင်ဘာ ၁၃ ရက်(တနင်္ဂနွေနေ့)ထိ ရန်ကုန်မြို့မှ တောင်ကြီး၊ ပင်းတယ၊ အင်းလေးသို့ စုပေါင်းခရီးထွက်မည်ဖြစ်ရာ ၎င်းမြို့များရှိ တန်ခိုးကြီးဘုရားများကို ဖူးမြော်ကြည်ညိုရန် လိုက်ပါလိုသူများသည် ဦးကျော်သောင်း ဖုန်း-၅၅၂၂၉၇၊ ဦးခင်ရင်မောင် ဖုန်း-၇၀၅၄၉၅၊ ဒေါ်အေးအေးရီ ဖုန်း-၃၇၆၈၇၅၊ ဒေါ်အေးအေးလတ် ဖုန်း-၅၀၃၁၃၆၊ ဒေါ်ရီရီဝင်း ဖုန်း-၂၄၆၃၁၉၊ ဒေါ်သန်းသန်း ဖုန်း-၀၉-၅၁၉၈၆၆၃၊ ဒေါ်ဝင်းဝင်းကြည် ဖုန်း-၂၉၄၅၀၂နှင့် ဒေါ်အေးအေးဇဉ် ဖုန်း-၅၃၄၇၁၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# စာကြည့်တိုက်ဖောင်ဒေးရှင်းသို့ စာအုပ်များ လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၆**

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဆဋ္ဌမအကြိမ်မြောက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၃၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် စာပေဗိမာန်အဆောက်အအုံရှိ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ ဦးမောင်မျိုး(မောင်မျိုး-ကြောင်နှစ်ကောင်) မိသားစုက မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းသို့ ငွေကျပ် ၇၇၇၇၇၀၀၀ တန်ဖိုးရှိ စာအုပ် ၅၅၅၅ အုပ်ကို မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်ထံ ပေးအပ်လှူဒါန်းကြောင်းသိရသည်။ (၆၀၈)



**တောင်ကြီး တန်ဆောင်တိုင် ပွဲတော်**

**နိုဝင်ဘာ ၃ ရက်က ရှမ်းပြည် နယ် တောင်ကြီးမြို့ တန်ဆောင် တိုင် ပွဲတော် ဖွင့်ပွဲ အခမ်း အနား ကျင်းပစဉ်။**

(သတင်းစဉ်)

# ၂၀၁၁ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် ဓာတ်ပုံ၊ ဆောင်းပါးနှင့် ဝတ္ထုတိုပြိုင်ပွဲကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၆**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် လူထုအားကစားလှုပ်ရှားမှုများကို နှစ်စဉ်ဒီဇင်ဘာလတိုင်း လူထုအားကစားလအဖြစ် သတ်မှတ်၍ စုပေါင်းလမ်းလျှောက်ပွဲများ၊ အားကစားပြိုင်ပွဲများ ကျင်းပမြဲဖြစ်ရာ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ၏ စနေနေ့များတွင် လူထုစုပေါင်းလမ်းလျှောက်ပွဲများ၊ အားကစားပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။

**ဝတ္ထုတို**

အဆိုပါ လူထုအားကစားလှုပ်ရှားမှုများနှင့်စပ်လျဉ်း၍ အထိမ်းအမှတ် ဓာတ်ပုံ၊ ဆောင်းပါးနှင့် ဝတ္ထုတိုပြိုင်ပွဲများကို ကျင်းပပေးသွားမည်ဖြစ်ရာ ဝတ္ထုတိုပြိုင်ပွဲတွင် ဖူးစကပ်စာမျက်နှာ ငါးမျက်နှာမှ ရှစ်မျက်နှာအထိ ကွန်ပျူတာစာစီ၍ ရေးသားနိုင်ပြီး ပြည်သူများ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးကိုမူတည်ကာ ရေးသားရမည်။

**ဆောင်းပါး**

ဆောင်းပါးပြိုင်ပွဲတွင် လေးမျက်နှာမှ ခြောက်မျက်နှာအထိ ရေးသားနိုင်ပြီး လူထုအားကစားနှင့် ပတ်သက်သည့် အကြောင်းအရာများကို မိမိကြိုက်နှစ်သက်ရာ ခေါင်းစဉ်အောက်တွင် ရေးသားဖော်ပြနိုင်သည်။

**ရောင်စုံဓာတ်ပုံ**

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဓာတ်ပုံများကို အကန့်အသတ်မရှိ တင်သွင်းယှဉ်ပြိုင်နိုင်ပြီး ၁၀ လက်မ × ၁၂ လက်မ အရွယ် ၂၀၁၁ ခုနှစ်ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု သရုပ်ပေါ်လွင်စေရမည် ဖြစ်သည်။

ပြိုင်ပွဲဝင်များသည် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၂ ရက် နောက်ဆုံးထား၍ ပြိုင်ပွဲကျင်းပရေးကော်မတီ လူထုအားကစားနှင့် ပညာပေးဌာနခွဲ ကျိုက္ကဆံကွင်း ရန်ကုန်မြို့ ဖုန်း-၀၁-၄၀၀၄၃၁နှင့် ၄၀၀၈၉၂ တို့သို့ ပေးပို့ဆက်သွယ်ဆောင်ရွက်နိုင်သည်။

ဆုရရှိကြသူများအား ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများအဖြစ် ရွေးချယ်ကာ ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ရာ ဆုချီးမြှင့်မှုအစီအစဉ်ကို ကြိုတင်ကြေညာသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပင့်ဆောင်လာသော ဗုဒ္ဓဘုရားရှင်၏ အထက်လက်ဝဲဘက် မြတ်စွယ်တော်အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

**✻ ကျောဖုံးမှ**

ဗုဒ္ဓမြတ်စွယ်တော်အား မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်ပူဇော်ကြမည့် နတ်မင်းကြီးများသည် သတ်မှတ်နေရာများ၌ နေရာယူကြပြီး ပရိသတ်များက ဒိသာဖရဏ အရပ်ဆယ်မျက်နှာမေတ္တာပို့လက်ာများကို သံပြိုင်ညီညာ ရွတ်ဆိုပွားများပူဇော်ကြသည်။

**ပင့်ဆောင်**

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် ဗုဒ္ဓမြတ်စွယ်တော်အား ကြိုဆိုပင့်ဆောင်မည့်နေရာသို့ ကြိုတင်သွားရောက်နေရာယူကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့် ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မဟာဓမ္မိကာရာမ ကျိုက်ပိကျောင်း ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဂုဏေသနတို့အား တာဝန်ရှိသူများက သတ်မှတ်နေရာများသို့ ပင့်ဆောင်ကြသည်။

အထူးလေယာဉ် မဆိုက်ရောက်မီ ပရိသတ်များက ရတနာသုံးပါးဂုဏ်တော်များကိုအာရုံပွားကြပြီး ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တေးသံရှင် မြင့်မြင့်ကြည်က မင်္ဂလာစည်တော်အဖွဲ့နှင့်တွဲဖက်၍ ဗုဒ္ဓရောင်ခြည်တော်ဖွဲ့ ထူးမခြားနားသီချင်းခံ့နှင့် စွယ်တော်ကြိုးသီချင်းတို့ဖြင့် သီကျူးပူဇော်သည်။

ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်လာသည့် အထူးလေယာဉ်သည် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် သတ်မှတ်နေရာသို့ ဆိုက်ရောက်လာရာ မင်္ဂလာငွေခရူနှင့် အောင်စည်အောင်မောင်း သုံးကြိမ် တီးခတ်ပူဇော်သည်။

ဆက်လက်၍ ဗုဒ္ဓမြတ်စွယ်တော်အား အထူးလေယာဉ်ပေါ်မှ ရတနာရထားယာဉ်ပေါ်သို့ ပင့်ဆောင်ပူဇော်ကြရာ အထူးလေယာဉ် တံခါးဖွင့်သည်နှင့် ပရိသတ်များက နမောတဿသုံးကြိမ်၊ ကိတ္တိပိသောဘဂဝါအစချီ ဘုရားဂုဏ်တော်ကိုးပါးပါဠိ၊ သွာက္ခာတော ဘဂဝတာ ဓမ္မော အစချီ တရားဂုဏ်တော်ခြောက်ပါးပါဠိ၊ ဟေတုပစ္စယော အစချီ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိ၊ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော အစချီ သံဃာ့ဂုဏ်တော်ကိုးပါးပါဠိများကို ရွတ်ဆို၍ ဗုဒ္ဓမြတ်စွယ်တော်အား မြတ်နိုးကော်ရော် ဖူးမြော်ကြိုဆိုပူဇော်ကြသည်။

**တောင်းပန်လျှောက်ထား**

ထို့နောက် သာသနာရေးဦးစီးဌာနမှ သဒ္ဓမ္မဇောတိကဓဇ ဦးသူရ(ဦးစီးအရာရှိ)က ဗုဒ္ဓမြတ်စွယ်တော်အား ဥပ္ပါတသန္တိစေတီတော်တွင် ယာယီကိန်းဝပ်စံပယ်အပူဇော်ခံတော်မူပါရန် တောင်းပန်လျှောက်ထားသည့် ရဋ္ဌပသန္နယာစနဂါထာကို ဖတ်ကြားပူဇော်သည်။

ဆက်လက်၍ ဗုဒ္ဓမြတ်စွယ်တော်အား မင်္ဂလာဝန်ချီစက် (High Loader) ဖြင့် မင်္ဂလာဝေါယာဉ်တော်ပေါ်သို့ ပင့်ဆောင်ရာ ပရိသတ်များက ဗုဒ္ဓမြတ်စွာ သာသနာရောင်ဝါနေသို့ လင်းစေသော်၊ ယနေ့ကြွလာထေရ်ဆရာ ချမ်းသာကိုယ်စိတ်မြဲစေသော်၊ ယနေ့ကြွလာ ဆွေသဟာလိုရာဆန္ဒပြည့်စေသော် ဆုတောင်းလင်္ကာသုံးပိုဒ်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆို ပူဇော်ကြသည်။

ယင်းနောက် နတ်မင်းကြီးများက ဗုဒ္ဓမြတ်စွယ်တော်အား မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်ပြီး ရတနာရထားယာဉ်တော်ပေါ်သို့ ပင့်ဆောင်ပူဇော်ကြရာ ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံလိုက်ပါပူဇော်ကြပြီး မင်္ဂလာစည်တော်အဖွဲ့က မင်္ဂလာစည်တော်သံများ တီးခတ်ပူဇော်ကာ ပရိသတ်များက ပုဆစ်တုပ်ထိုင်၍ သာသနာ့အလံများ၊ အောင်သပြေပန်းများဖြင့် လက်အုပ်ချီမိုး ရှိခိုးပူဇော်ကြသည်။

**အနေကဇာတင်**

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူကြသည်။

ဆက်လက်၍ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေးယာဉ်တန်းဖြစ်သည့် ဆော်ဩရေးယာဉ်၊ မင်္ဂလာစည်တော်အဖွဲ့ယာဉ်၊ ရတနာရထားယာဉ်တော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်တော်အဖွဲ့ယာဉ်၊ ဝန်ကြီးဌာန ဝတ်အသင်းယာဉ်နှင့် ကျန်းမာရေး စောင့်ရှောက်မှုယာဉ်များသည် နေပြည်တော်လေဆိပ်မှ ဥပ္ပါတသန္တိစေတီတော်သို့ ယာဉ်တန်း အစီအစဉ်အတိုင်း ထွက်ခွာကြသည်။

**ဖူးမြော်ကြည်ညို**

ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေးယာဉ်တန်းသည် နေပြည်တော်လေဆိပ်မှ ရာဇသင်္ဂဟလမ်းအတိုင်း ဟိုတယ်ဇုန်၊ သပြေကုန်းအဝိုင်းနှင့် ကုမုဒြာကြာပန်းအဝိုင်းတို့မှတစ်ဆင့် ရာဇဌာနီလမ်းအတိုင်း ဥပ္ပါတသန္တိစေတီတော်သို့ ပင့်ဆောင်ပူဇော်ကြရာ လမ်းတစ်လျှောက်၌ ရဟန်းရှင်လူပြည်သူအပေါင်းတို့က ရိုသေလေးမြတ်စွာ ဖူးမြော်ကြည်ညိုပူဇော်ကြသည်။ (သတင်းစဉ်)



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ကြိုဆိုပင့်ဆောင်ခြင်း မဟာမင်္ဂလာအခမ်းအနားကို နေပြည်တော်လေဆိပ်၌ ကျင်းပစဉ်။ (သတင်းစဉ်)

ဗုဒ္ဓမြတ်စွယ်တော်အား နေပြည်တော်လေဆိပ်မှ ဥပ္ပါတသန္တိစေတီတော်သို့ ပင့်ဆောင်လာစဉ်။ (သတင်းစဉ်)



## ကားများတင်ဆောင်လာသည့် OCEAN BLUE ရန်ကုန်မြို့ ဆူးလေဆိပ်ကမ်းသို့ ဆိုက်ကပ်ပြီ

**ရန်ကုန် နိုဝင်ဘာ ၆**

ဂျပန်နိုင်ငံမှ မော်တော်ကားများကို တင်ဆောင်ထွက်လာသည့် "OCEAN BLUE" အမည်ရှိသော ကားတင်သင်္ဘောကြီးသည် ရန်ကုန်မြို့ရှိ ဆူးလေအမှတ်(၆) တံတားသို့ အောက်တိုဘာ ၅ ရက် ညနေ ၃ နာရီ ၂၅ မိနစ်တွင် ဆိုက်ကပ်လာသည်။ **(အောက်ပုံ)**

ထိုသင်္ဘောကြီးမှာ ခရီးစဉ်အစတွင် မော်တော်ကား ၁၂၃၉ စီးတင်ဆောင်ကာ အောက်တိုဘာ ၁၃ ရက်က စတင်ထွက်ခွာလာခြင်းဖြစ်ပြီး စစ်တကောင်းမြို့ ဆိပ်ကမ်းတွင် ၃၉၂ စီး၊ မွန်ကတာ ဆိပ်ကမ်းတွင် ၇၃၇ စီးချခဲ့၍ ရန်ကုန်မြို့တွင် အစီး ၁၁၀ ကို ချထားခဲ့ခြင်းဖြစ်သည်။

ထိုသင်္ဘောပေါ်တွင် ပါရှိသည့် မော်တော်ကားများကို သတ်မှတ်ထားသော စာရွက်စာတမ်းအထောက်အထားများနှင့်အညီ လာရောက်ထုတ်ယူနိုင်ပြီဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူတစ်ဦးက နိုဝင်ဘာ ၅ ရက်တွင် ပြောကြားသည်။ (မဇဝ)



# ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ ထုပ်ဆီးတိုးပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၆**

အမှတ်(၃) အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ထုပ်ဆီးတိုးပြိုင်ပွဲ ဗိုလ်လုပွဲများကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ အထက(၁) လသာကျောင်းအုပ်ကြီး ဦးစိုးမင်းက အမျိုးသားပြိုင်ပွဲ၌ ပထမဆုရ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒုတိယဆုရ ဗိုလ်တထောင်မြို့နယ်နှင့် တတိယဆုရ အလုံမြို့နယ်အသင်းတို့အား လည်းကောင်း၊ အထက(၆) ဗိုလ်တထောင် ကျောင်းအုပ်ကြီး ဒေါက်တာကျော်စိုးနိုင်က အမျိုးသမီးပြိုင်ပွဲ၌ ပထမဆုရ လှိုင်သာယာမြို့နယ်၊ ဒုတိယဆုရ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်နှင့် တတိယဆုရ ပန်းဘဲတန်းမြို့နယ်အသင်းတို့အား လည်းကောင်း တစ်ဦးချင်းဆုများနှင့် ဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဗိုလ်တထောင်မြို့နယ် ပညာရေးမှူး ဦးမြင့်အောင်က အမျိုးသားပြိုင်ပွဲတွင် ပထမဆုရ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ လှိုင်သာယာမြို့နယ်အသင်း**(အောက်ပုံ)**တို့အား တံခွန်စိုက်ဆုများကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ဗုဒ္ဓမြတ်စွယ်တော် လှူဒါန်းပူဇော်နိုင်ရေး နှိုးဆော်လွှာ

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှ ရဟန်းရှင်လူ ပြည်သူအပေါင်း စိတ်ချမ်းမြေ့စွာဖူးမြော်ကြည်ညိုနိုင်ရေးအတွက် မြန်မာနိုင်ငံတွင် အောက်ပါအတိုင်း ၄၈ ရက် တိုင်တိုင် အပူဇော်ခံထားရှိသွားပါမည်-

(က) **နေပြည်တော်ဉပ္ပါတသန္တိစေတီ ဂန္ဓကုဋိလိုဏ်တော်**
(၆-၁၁-၂၀၁၁ မှ ၂၁-၁၁-၂၀၁၁ ထိ - ၁၆ ရက်)

(ခ) **ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ ဂန္ဓကုဋိလိုဏ်တော်**
(၂၂-၁၁-၂၀၁၁ မှ ၇-၁၂-၂၀၁၁ ထိ - ၁၆ ရက်)

(ဂ) **မန္တလေးမြို့ မဟာအတုလဝေယံ (အတုမရှိ) ကျောင်းတော်**
(၈-၁၂-၂၀၁၁ မှ ၂၃-၁၂-၂၀၁၁ ထိ - ၁၆ ရက်)

ဘုရားဖူးပြည်သူများအနေဖြင့် ဗုဒ္ဓမြတ်စွယ်တော်အား နေ့စဉ်နံနက် ၆ နာရီမှ ည ၉ နာရီအထိ လာရောက်ဖူးမြော် ကြည်ညိုနိုင်ကြပါသည်။

ဗုဒ္ဓမြတ်စွယ်တော်အား အလှူတော်ငွေများ ထည့်ဝင်လှူဒါန်းလိုပါက လှူဒါန်းနိုင်ရေးအတွက် ဗုဒ္ဓမြတ်စွယ်တော်အလှူခံပုံးများ အဆင်ပြေအောင် စီမံထားရှိပေးသွားမည်ဖြစ်သကဲ့သို့ ရွှေ၊ ငွေ လက်ဝတ်ရတနာပစ္စည်းများနှင့် ငွေကျပ် တစ်သိန်းအထက် လှူဒါန်းလိုသူများအတွက် အလှူခံမဏ္ဍပ်များထားရှိပြီး စနစ်တကျ မှတ်တမ်းတင်လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွယ်တော်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Air China အထူးလေယာဉ်ဖြင့် ပင့်ဆောင်ရာတွင် စင်းလုံးငှားလေယာဉ်စရိတ်အား Air Bagan လေကြောင်းလိုင်းမှ လှူဒါန်းပူဇော်ခဲ့ပါသည်။ အလားတူ လှူဒါန်းလိုသူများ လှူဒါန်းပူဇော်နိုင်ပါရန် နှိုးဆော်အပ်ပါသည်။

# (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ

## Sky Net မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၆**

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို နိုဝင်ဘာ ၇ ရက်မှ ၂၁ ရက်ထိ ကျင်းပမည်ဖြစ်သည်။

ဘောလုံးပွဲယှဉ်ပြိုင်ကစားမှုများကို Sky Net ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

Sky Net ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည့် နေ့ရက်၊ အချိန်နှင့် ပြိုင်ပွဲများမှာ အောက်ပါအတိုင်း ဖြစ်သည်-

**အုပ်စု(က)ပွဲစဉ်များ**

| ရက်စွဲ | အချိန် | ပွဲစဉ် | လိုင်းခွဲ |
|---|---|---|---|
| ၇-၁၁-၂၀၁၁ | ညနေ ၃း၃၀ | စင်ကာပူ-မလေးရှား | SKY NET SPORTS-1 |
| ၇-၁၁-၂၀၁၁ | ညနေ ၆း၃၀ | အင်ဒိုနီးရှား-ကမ္ဘောဒီးယား | SKY NET SPORTS-1 |
| ၉-၁၁-၂၀၁၁ | ညနေ ၃း၃၀ | မလေးရှား-ထိုင်း | SKY NET SPORTS-2 |
| ၉-၁၁-၂၀၁၁ | ညနေ ၆း၃၀ | ကမ္ဘောဒီးယား-စင်ကာပူ | SKY NET SPORTS-2 |
| ၁၁-၁၁-၂၀၁၁ | မွန်းလွဲ ၁း၃၀ | စင်ကာပူ-အင်ဒိုနီးရှား | SKY NET SPORTS-1 |
| ၁၁-၁၁-၂၀၁၁ | ညနေ ၄း၃၀ | ထိုင်း-ကမ္ဘောဒီးယား | SKY NET SPORTS-1 |
| ၁၃-၁၁-၂၀၁၁ | ညနေ ၃း၃၀ | မလေးရှား-ကမ္ဘောဒီးယား | SKY NET SPORTS-2 |
| ၁၃-၁၁-၂၀၁၁ | ညနေ ၆း၃၀ | အင်ဒိုနီးရှား-ထိုင်း | SKY NET SPORTS-2 |
| ၁၇-၁၁-၂၀၁၁ | ညနေ ၃း၃၀ | ထိုင်း-စင်ကာပူ | SKY NET SPORTS-1 |
| ၁၇-၁၁-၂၀၁၁ | ညနေ ၆း၃၀ | အင်ဒိုနီးရှား-မလေးရှား | SKY NET SPORTS-1 |

**အုပ်စု(ခ)ပွဲစဉ်များ**

| ရက်စွဲ | အချိန် | ပွဲစဉ် | လိုင်းခွဲ |
|---|---|---|---|
| ၇-၁၁-၂၀၁၁ | ညနေ ၃း၃၀ | တီမောလက်စ်တေ-ဖိလစ်ပိုင် | SKY NET SPORTS-2 |
| ၇-၁၁-၂၀၁၁ | ညနေ ၆း၃၀ | လာအို-ဘရူနိုင်း | SKY NET SPORTS-2 |
| ၉-၁၁-၂၀၁၁ | ညနေ ၃း၃၀ | မြန်မာ-ဘရူနိုင်း | SKY NET SPORTS-1 |
| ၉-၁၁-၂၀၁၁ | ညနေ ၆း၃၀ | ဗီယက်နမ်-တီမောလက်စ်တေ | SKY NET SPORTS-1 |
| ၁၁-၁၁-၂၀၁၁ | ညနေ ၃း၃၀ | ဖိလစ်ပိုင်-လာအို | SKY NET SPORTS-2 |
| ၁၂-၁၁-၂၀၁၁ | ညနေ ၃း၃၀ | ဘရူနိုင်း-ဗီယက်နမ် | SKY NET SPORTS-1 |
| ၁၃-၁၁-၂၀၁၁ | ညနေ ၃း၃၀ | ဖိလစ်ပိုင်-မြန်မာ | SKY NET SPORTS-1 |
| ၁၃-၁၁-၂၀၁၁ | ညနေ ၆း၃၀ | တီမောလက်စ်တေ-လာအို | SKY NET SPORTS-1 |
| ၁၅-၁၁-၂၀၁၁ | ညနေ ၃း၃၀ | မြန်မာ-တီမောလက်စ်တေ | SKY NET SPORTS-1 |
| ၁၅-၁၁-၂၀၁၁ | ညနေ ၆း၃၀ | ဖိလစ်ပိုင်-ဘရူနိုင်း | SKY NET SPORTS-1 |
| ၁၇-၁၁-၂၀၁၁ | ညနေ ၃း၃၀ | လာအို-ဗီယက်နမ် | SKY NET SPORTS-2 |

**ဆီမီးဖိုင်နယ်ပွဲစဉ်များ**

| ရက်စွဲ | အချိန် | ပွဲစဉ် | လိုင်းခွဲ |
|---|---|---|---|
| ၁၉-၁၁-၂၀၁၁ | ညနေ ၃း၃၀ | အုပ်စု(က)ပထမနှင့် အုပ်စု(ခ)ဒုတိယ | SKY NET SPORTS-1 |
| ၁၉-၁၁-၂၀၁၁ | ည ၇း၀၀ | အုပ်စု(က)ဒုတိယနှင့် အုပ်စု(ခ)ပထမ | SKY NET SPORTS-1 |

**တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲစဉ်**

| ရက်စွဲ | အချိန် | ပွဲစဉ် | လိုင်းခွဲ |
|---|---|---|---|
| ၂၁-၁၁-၂၀၁၁ | ညနေ ၃း၃၀ | တတိယနေရာလုပွဲ | SKY NET SPORTS-1 |
| ၂၁-၁၁-၂၀၁၁ | ည ၇း၀၀ | ဗိုလ်လုပွဲ | SKY NET SPORTS-1 |

သို့ရာတွင် အိမ်ရှင်အင်ဒိုနီးရှားနိုင်ငံ၏ ဂြိုဟ်တုလွှင့်တင်မှုအပေါ် မူတည်၍ အပြောင်းအလဲရှိနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်ပနိုင်ငံများမှ ဆိုင်ကယ်မျိုးစုံဝင်ရောက် သတ်မှတ်နေရာများတွင် ရောင်းဝယ်ရန် အသိပေး

**မန္တလေး နိုဝင်ဘာ ၆**

မန္တလေးမြို့၌ ဂျပန်၊ ထိုင်း၊ တရုတ်နိုင်ငံမှ နာမည်ကြီး ဆိုင်ကယ်ကုမ္ပဏီများက အရောင်းပြခန်းများ လာရောက်ဖွင့်လှစ်ပြီး နောက်ဆုံးထုတ် မော်ဒယ်မြင့် ဆိုင်ကယ်များအား ဝယ်ယူသူအမည်ပေါက် ၂၀ဃ/--- နံပါတ်၊ လက်ဆောင်ပစ္စည်းများဖြင့် တရားဝင်ရောင်းချလျက်ရှိသည့်အပြင် တရုတ်နိုင်ငံနယ်စပ်မှ မူဆယ်-လားရှိုး-ပြင်ဦးလွင်မှတစ်ဆင့် လိုင်စင်မဲ့ဆိုင်ကယ်များလည်း နေ့စဉ် အစီး ၂၀၀ ခန့်ဝင်ရောက်လျက်ရှိပြီး မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မနော်ဟရီလမ်းနှင့် ၅၉ လမ်းထောင့် လမ်းဘေးဝဲ၊ ယာ၌ ရောင်းဝယ်လျက်ရှိသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီကလည်း လမ်း ၆၀ ပြည်ကြီးမျက်ရှင် ယာဉ်ရပ်နားစခန်းနှင့် မဟာအောင်မြေ ယာဉ်ရပ်နားစခန်းအတွင်း၌ ဆိုင်ကယ်ရောင်းဝယ်ရေး စခန်းများ တရားဝင်သတ်မှတ်ဖွင့်လှစ်ထားသော်လည်း ရပ်ကွက်လမ်းဘေး ပလက်ဖောင်းကွက်လပ်များတွင် ဆိုင်ကယ်ရောင်းဝယ်ခြင်းများ ပြုလုပ်နေကြသဖြင့် သတ်မှတ်ဖွင့်လှစ်ထားသည့် နေရာများတွင်သာ ဆိုင်ကယ်ရောင်းဝယ်ခြင်း ပြုလုပ်ရန်နှင့် အခြားနေရာများတွင် ရောင်းဝယ်ခြင်း ပြုလုပ်ပါက မန္တလေးမြို့တော် စည်ပင်သာယာဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။

(၆၅၃)

# တနင်္ဂနွေနေ့ည ပရီမီယာလိဂ်ပွဲစဉ် ရလဒ်များ

| | | |
|---|---|---|
| ဝုလ်ဗာဟမ်တန် | ၃-၁ | ဝီဂန် |
| ဘော်လ်တန် | ၅-၀ | စတုတ် |
| ဖူဟမ် | ၁-၃ | စပါး |

# ဆီးဂိမ်းပြိုင်ပွဲဝင်ရန် ပန်ကြပ်ဆီလတ် (လက်သိုင်း)အသင်း ပြင်းပြင်းထန်ထန်လေ့ကျင့်



**ရန်ကုန် နိုဝင်ဘာ ၆**

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဆီးဂိမ်းတွင် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ ပန်ကြပ်ဆီလတ် (လက်သိုင်း) အသင်း သွားရောက်ယှဉ်ပြိုင်ရန် ပြင်းပြင်းထန်ထန် လေ့ကျင့်လျက်ရှိရာ သင်တန်းကာလမှာ ၂၀၁၀ မေလမှ စတင် လေ့ကျင့်၍ နိုဝင်ဘာ ၉ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ (ဂျကာတာ) သို့ ထွက်ခွာမည်ဖြစ်ပြီး ပြိုင်ပွဲကာလမှာ နိုဝင်ဘာ ၁၂ ရက်မှ ၁၇ ရက်ထိဖြစ်သည်။ ပြိုင်ပွဲအမျိုးအစားမှာ (Tanding) အတိုက်ကျား ခြောက်ဦး၊ မ ငါးဦး၊ (seni) အပြ လေးမျိုး ကျား နှစ်ဦး၊ မ သုံးဦး အားကစားသမား ၁၆ ဦးနှင့် ပြည်တွင်းနည်းပြ နှစ်ဦး၊ ဗီယက်နမ် နည်းပြတစ်ဦး၊ အင်ဒိုနီးရှားနည်းပြ တစ်ဦးနှင့် အသင်းဥက္ကဋ္ဌ အုပ်ချုပ်သူ ဒိုင်လူကြီး အား/ကာ ဦးစီးဌာနမှ အားပေးသူအဖွဲ့ဝင်စုစုပေါင်း ၃၀ တို့ လိုက်ပါသွားမည်ဖြစ်သည်။

(သဲမောင်)

# 2 nd Indochina Football Tournament ပြိုင်ပွဲ မြန်မာနိုင်ငံ ဉာဏ်ရည်မမီသူများ အားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် နိုဝင်ဘာ ၆**

၂၀၁၁ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ နိုဝင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် 2nd Indochina Football Tournament ပြိုင်ပွဲသို့ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်အောက်ရှိ မြန်မာနိုင်ငံ ဉာဏ်ရည်မမီသူများ အားကစားအဖွဲ့ချုပ်မှ အမှုဆောင် (အုပ်ချုပ်/နည်းပြ) ဦးစံဝင်း ခေါင်းဆောင်သော အားကစားသမား ရှစ်ဦးတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရီးယဲလ်မက်ဒရစ်နှင့် ဘာစီလိုနာ ဒေးဗစ်ဆေးဗားကို အပြိုင်စိတ်ဝင်စား

**မန်ချက်စတာ နိုဝင်ဘာ ၆**

မန်စီးတီးစတား ဒေးဗစ်ဆေးဗားကို စပိန်ထိပ်သီးအသင်းကြီးများဖြစ်သည့် ရီးယဲလ်မက်ဒရစ်နှင့် ဘာစီလိုနာအသင်းတို့က အပြိုင်အဆိုင်ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသော်လည်း ဆေးဗားက မန်စီးတီးအသင်းတွင်သာ ဆက်လက်ကစားလိုကြောင်း ထုတ်ဖော်ပြောလိုက်သည်။

အသက် (၂၅)နှစ်ရှိ စပိန်နိုင်ငံသား ဒေးဗစ်ဆေးဗားသည် ယခုနှစ် ပရီမီယာလိဂ် အမှတ်ပေးဇယားတွင် ဒုတိယနေရာမှ မန်ယူအသင်းကို ငါးမှတ်အသာဖြင့် ဦးဆောင်နိုင်ခဲ့ရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

မန်ချက်စတာမြို့ခံပြိုင်ဘက် မန်ယူအသင်းကို ၎င်းအိမ်ကွင်း အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားခဲ့သည့် ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲတွင်လည်း ဒေးဗစ်ဆေးဗားသည် ကစားဖော်များ ဂိုးသွင်းခွင့်များရရှိအောင် ဖန်တီးပေးနိုင်သကဲ့သို့ ကိုယ်တိုင်လည်း တစ်ဂိုး လှလှပပ သွင်းယူနိုင်ခဲ့သည်။

ကစားသမားကောင်းများအား အများအပြားရှိနေသည့် မန်စီးတီးအသင်းတွင် ပုံမှန်ပွဲထွက်ခွင့်ရနေပြီး အထူးခြေစွမ်းပြနေသည့် ဒေးဗစ်ဆေးဗားကို ရီးယဲလ်အသင်းနည်းပြ မော်ရင်ဟိုနှင့် ဘာစီလိုနာနည်းပြ ဂွါဒီယိုလာတို့က အပြိုင်အဆိုင် စိတ်ဝင်စားလျက်ရှိသည်။

သို့သော် ဒေးဗစ်ဆေးဗားက မန်စီးတီးအသင်းက မိမိအပေါ် ယုံကြည်မှုရှိကြောင်း၊ ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းများသည် ကမ္ဘာ့ထိပ်တန်းအသင်းကြီးများဖြစ်ကြသော်လည်း မိမိအနေဖြင့် မန်စီးတီးအသင်းတွင်သာ နှစ်ပေါင်းများစွာ ဆက်လက်ကစားလိုကြောင်း ဖွင့်ဟပြောကြားသည်။

The Sun

# အာဆင်နယ်နှင့် ဝဲလ်ကော့ စာချုပ်သစ်ချုပ်ဆိုရန် ဆွေးနွေး

**လန်ဒန် နိုဝင်ဘာ ၆**



ယခုနှစ် ပရီမီယာလိဂ်ဘောလုံးရာသီအစတွင် အာဆင်နယ်အသင်းသည် အသင်း၏ အားထားရသည့် စပိန်နိုင်ငံသား ဖာဗရီဂက်စ်နှင့် ပြင်သစ်ကစားသမား နာဆရီတို့ကို လက်လွှတ်လိုက်ရသော်လည်း ယခုအခါ အင်္ဂလန်နိုင်ငံသား တောင်ပံကစားသမား သီယိုဝဲလ်ကော့**(ယာပုံ)**နှင့် စာချုပ်သစ်ချုပ်ဆိုရန် ဆွေးနွေးမှုများ ပြုလုပ်နေပြီဖြစ်သည်။

အာဆင်နယ်အသင်းသည် နောက်ခံကစားသမား သောမတ်စ်ဗာမေလန်နှင့် ၂၀၁၅ ခုနှစ်အထိ စာချုပ်သစ်တစ်ရပ် ချုပ်ဆိုပြီးနောက် အာဆင်နယ်နည်းပြ အာဆင်ဝင်းဂါးသည် အသက် (၂၂) နှစ်သာရှိသေးသည့် အင်္ဂလန်လူငယ် သီယိုဝဲလ်ကော့ကိုပစ်မှတ်ထားလာခြင်းဖြစ်သည်။

လန်ဒန်အခြေစိုက် အာဆင်နယ်အသင်းသည် အင်္ဂလန်စတား ဝဲလ်ကော့ကို တစ်ပတ်လုပ်ခလစာ ပေါင်ခြောက်သောင်းဖြင့် လာမည့်နှစ်ပတ်အတွင်း အပြီးသတ်စာချုပ်ချုပ်နိုင်ရန် ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။

## အောဝမ်းစိုး

အာစင်ဝင်းဂါးသည် အခြား အာဆင်နယ် ကစားသမားများဖြစ်သည့် အသင်းခေါင်းဆောင် ရော်ဘင်ဗန်ပါစီ၊ ဂျွန်ဂျီရူးနှင့် အာရှာဗင်တို့ကိုလည်း စာချုပ်သစ်များ ချုပ်ဆိုနိုင်ရန် စီစဉ်လျက်ရှိသည်။

The Sun

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ကြိုဆိုပင့်ဆောင်ခြင်း မဟာမင်္ဂလာအခမ်းအနား နေပြည်တော်လေဆိပ်၌ ကျင်းပ

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ ဖူးမြော်ကြည်ညို

နေပြည်တော် နိုဝင်ဘာ ၆

**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ကြိုဆိုပင့်ဆောင်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ ဖူးမြော်ကြည်ညိုကြသည်။**

## ဖူးမြော်ကြည်ညို

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အသင်းအဖွဲ့များနှင့် ဝတ်အဖွဲ့များ စုံစုံညီညီ လာရောက်ဖူးမြော်ကြည်ညိုကြသည်။

## သီကျူးပူဇော်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ ကွမ်ရှီးစုဘုရားကျောင်းတွင် ကိန်းဝပ်စံပယ်လျက်ရှိသော ဗုဒ္ဓဘုရားရှင်၏ အထက်လက်ဝဲဘက် မြတ်စွယ်တော်အား ပင့်ဆောင်တော် မူလာသည့် အထူးလေယာဉ်မဆိုက်ရောက်မီ ကြိုတင်ပူဇော်ခြင်း အစီအစဉ်များကို မွန်းလွဲ ၁၂ နာရီခွဲမှစတင်၍ ကျင်းပရာ ရွှေဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာန မင်္ဂလာစည်တော်အဖွဲ့နှင့် တွဲဖက်၍ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့မှ အနုပညာရှင်များက ဓမ္မတေးများဖြင့် သီကျူးပူဇော်ကြသည်။

ထို့နောက် ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အသင်းအဖွဲ့များ၊

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ✻





## ဖူးမြော်ကြည်ညို

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ နေပြည်တော်လေဆိပ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပင့်ဆောင်လာသော ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြည်ညိုကြစဉ်။** (သတင်းစဉ်)

## ရှိသေလေးမြတ်

**ဗုဒ္ဓမြတ်စွယ်တော်အား နေပြည်တော်လေဆိပ်မှ ဥပ္ပါတသန္တိစေတီတော်သို့ ပင့်ဆောင်လာရာ လမ်းတစ်လျှောက်၌ ရဟန်းရှင်လူပြည်သူအပေါင်းတို့က ရှိသေလေးမြတ်စွာ ဖူးမြော်ကြည်ညို ပူဇော်ကြစဉ်။** (သတင်းစဉ်)



